ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တပေါင်းလဆန်း ၁၄ရက်၊ ကြာသပတေးနေ့၊ (4-3-2004) (၄၁၆၅)

ယနေ့ထုတ်စောင်ရေ ၁၉၅၂၅၅

အတ္တသမ္မာ ပဏိဓိ စ တေ မင်္ဂလ မုတ္တမံ။	မိမိကိုယ်ကို ကောင်းစွာစောင့်ထိန်းခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများ

- ☆ တနင်္သာရီတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် အခြေခံအဆောက်အအုံများကို နိုင်ငံတော်က ဖြည့်ဆည်းထားပြီးဖြစ်၊
- ☆ ကားလမ်းဆိုလျှင် မြန်မာနိုင်ငံ၏ တောင်ဘက်အစွန်ဆုံး ကော့သောင်းမြို့အထိ သွားနိုင်သည့် ရေး–ထားဝယ်–မြိတ်–ကော့သောင်း ပြည်ထောင်စုလမ်းမကြီးကို ဖောက်လုပ်ထားပြီး လိုအပ်သော မြစ်ကူး၊ ချောင်းကူးတံတားအားလုံးကိုလည်း တည်ဆောက်ထားပြီးဖြစ်၊
- ☆ ရေး–ထားဝယ် ရထားလမ်းဖြင့် မော်လမြိုင်မှ ထားဝယ်သို့ နေ့ချင်းပေါက် သွားလာနိုင်၊
- ☆ တည်ဆောက်လျက်ရှိသည့် သံလွင်မြစ်ကူး သံလွင်တံတား(မော်လမြိုင်) ပြီးစီးပါက ရန်ကုန်မြို့နှင့်ပါ တိုက်ရိုက်မြန်ဆန်စွာ ဆက်သွယ်သွားလာနိုင်ပြီး ဤဒေသ၏ ဒေသဖွံ့ဖြိုးတိုးတက်မှုမှာ ပိုမိုအရှိန်အဟုန် ရရှိလာမည်ဖြစ်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
တနင်္သာရီတိုင်း ခရီးစဉ်အတွင်း လမ်းညွှန်မိန့်ကြားချက်

မောင်းမကန်ကမ်းခြေ ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ မောင်းမကန်ကမ်းခြေတွင် ကြည့်ရှုစစ်ဆေးကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အနေဖြင့် ဖြူသည် မည်းသည်၊ နီးသည် ဝေးသည် ခွဲခြားမှုမရှိ တိုင်းရင်းသားများအားလုံး တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရေး အစွမ်းကုန်ဖြည့်ဆည်းပေးနေ ထားဝယ်ဒေသရှိ သယံဇာတအရင်းအမြစ်များကို လူ့လုပ်အားဖြင့် တန်ဖိုးတက်အောင် ကြိုးပမ်း ထိထိရောက်ရောက် အားကြိုးမာန်တက် အလုပ်လုပ်သွားမှသာလျှင် ဖွံ့ဖြိုးတိုးတက်မှု ခိုင်မာမည်

ရန်ကုန် မတ် ၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဖေဖော်ဝါရီ ၂၉ရက် မွန်းလွဲ ၁၂နာရီခွဲတွင် မြိတ်မြို့မှ ပုလောမြို့သို့ရောက်ရှိကြရာ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိ (ပထမတန်း)စစ်ထောက် ဒုတိယဗိုလ်မှူးကြီးထွန်းအုံ၊ မြိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ကြွယ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❍

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

P65 1 3/4/04, 2:00 AM

၄-၃-၂၀၀၄
(ကြာသပတေးနေ့)

နိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်မွေးမြူ ဒေသလုံခြုံရေး၊ စီးပွားဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသအလိုက် စီးပွားရေး၊ လူမှုရေး၊ အခြေခံအဆောက်အအုံများစွာကို တိုးမြှင့်တည်ဆောက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ ရာသီဥတုကောင်းမွန်ပြီး သယံဇာတပေါများကြွယ်ဝသော နိုင်ငံဖြစ်ရာ ဒေသတွင်းဖူလုံမှုရှိရေးနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းအကောင်အထည်ဖော်ရာ၌ အခြေအနေကောင်းများဖြင့် ပြည့်စုံလျက်ရှိသည်။

နယ်မြေဒေသများ တည်ငြိမ်အေးချမ်းသာယာမှု ရှိနေခြင်းသည် အဆိုပါဒေသ၏ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန် အထောက်အကူပြုလျက်ရှိသည်။ ထို့ကြောင့် နယ်မြေဒေသများတွင် တည်ငြိမ်အေးချမ်းမှုနှင့်တရားဥပဒေစိုးမိုးမှုတို့ ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံ ခိုင်မြဲမှုရရှိစေရန် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပြည်သူများက အစဉ်အမြဲ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီလ ၂၆ရက်နှင့် ၂၇ရက်နေ့များက တနင်္သာရီတိုင်း ခရီးစဉ်အတွင်း ဘုတ်ပြင်းမြို့၊ ကရသူရိမြို့၊ ပြည်ကြီးမဏ္ဍိုင်မြို့နှင့် တနင်္သာရီမြို့တို့သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဒေသအလိုက် ဆောင်ရွက်ဖွယ်ရာများကို မှာကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်ကြီးမဏ္ဍိုင်မြို့သို့ ရောက်ရှိစဉ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် မိသားစုဝင်များနှင့် တွေ့ဆုံရာ၌ **မိမိပြည်ထောင်စုကို မြတ်နိုးသည့်စိတ်၊ မိမိမြေ၊ မိမိရေနှင့် မိမိနိုင်ငံတော်ကို ချစ်မြတ်နိုးစိတ်များ ဒေသခံပြည်သူများတွင် ကိန်းအောင်းလာအောင် စည်းရုံး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဤဒေသသည် နယ်စပ်ဒေသဖြစ်သည့် အားလျော်စွာ တာဝန်ရှိသူများအနေဖြင့် နယ်မြေဒေသ လုံခြုံအေးချမ်းအောင်၊ တရားဥပဒေစိုးမိုးမှုရှိအောင် ခိုင်ခိုင်မာမာ တည်ဆောက်၍ ပြည်သူအများ အေးချမ်းလုံခြုံစွာ နေထိုင်သွားနိုင်အောင် ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း** မှာကြားခဲ့သည်။

တနင်္သာရီတိုင်းအတွင်းရှိ ဘုတ်ပြင်းဒေသသည် ဗဟိုနှင့် အလှမ်းကွာဝေးပြီး အသွားအလာခက်ခဲသော ဒေသဖြစ်၍ နိုင်ငံတော်က ဘုတ်ပြင်းဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ ဘုတ်ပြင်း - ကော့သောင်း ကားလမ်းအပိုင်း၊ ဘုတ်ပြင်း-တနင်္သာရီ ကားလမ်းအပိုင်းတို့သည် ပွင့်လင်းရာသီတွင်သာမက မိုးတွင်းကာလတွင်ပါ ရာသီမရွေး သွားလာနိုင်ပြီဖြစ်သည်။

ဘုတ်ပြင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးနည်းတူ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများစွာကိုလည်း တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။ ယခုအခါ ဘုတ်ပြင်းမြို့သည် မြို့အင်္ဂါရပ်များနှင့်ညီညွတ်စွာ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည်။

ပြည်ကြီးမဏ္ဍိုင်မြို့နှင့် ပတ်ဝန်းကျင်ဒေသသည် ဘုတ်ပြင်းမြို့နှင့် တနင်္သာရီမြို့အကြား၌ တည်ရှိပြီး ဆက်သွယ်မှု အနေအထားအရ ဝေးလံသောဒေသဖြစ်သည်။ နိုင်ငံတော်က ဒေသဖွံ့ဖြိုးရေးအတွက် လေညှာ-မဏ္ဍိုင်တံတားကြီးအပါအဝင် လိုအပ်သည့် လမ်းပန်းဆက်သွယ်ရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများစွာကို ဖြည့်ဆည်းပေးထားပြီးဖြစ်သည်။

တနင်္သာရီမြို့နယ်သည် ရေ၊ မြေရာသီဥတု ကောင်းမွန်သဖြင့် ဉယျာဉ်ခြံမြေလုပ်ငန်းအပေါ်တွင် အခြေပြုလုပ်ကိုင်လျက်ရှိကြသည်။ မြိတ်ခရိုင်တစ်ခုလုံး ဆန်ဖူလုံမှုရှိရေးအတွက် တနင်္သာရီမြို့နယ်အတွင်း လယ်ယာမြေသစ်များ ဖော်ထုတ်၍ တိုးချဲ့စိုက်ပျိုးသွားကြရန် လိုအပ်သည်။ ထို့အပြင် ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်းတို့ကို တိုးချဲ့စိုက်ပျိုးခြင်းဖြင့် ဒေသစီးပွားရေး တိုးတက်မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ပြည်ထောင်စုစိတ်ဓာတ်၊ နိုင်ငံတော်ကို ချစ်မြတ်နိုးသည့် စိတ်ဓာတ်များ မွေးမြူပြီး နယ်မြေဒေသလုံခြုံအေးချမ်းမှုရှိရေး၊ ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းများကို နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ညီညီညွတ်ညွတ် ပူးပေါင်းလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် မတ် ၃

ရခိုင်ပြည်နယ် စစ်တွေမြို့ ဝိမလဓမ္မနာဒ (ဓာတ်လယ်) ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ သုဝဏ္ဏ(မဟာကမ္မဋ္ဌာနာစရိယ)သည် မတ် ၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီခွဲတွင် ဗဟန်းမြို့နယ် ရေတာရှည်လမ်းရှိ မင်္ဂလာကမ္ဘာ်ယံကျောင်း သာသနာလင်္ကာရပရိယတ္တိစာသင်တိုက်၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (၂၃)



စစ်ရေးပြစစ်ကြောင်းကြီးများ တပ်ပါစစ်ရေးပြလေ့ကျင့်

ရန်ကုန် မတ် ၃

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများသည် ယနေ့နံနက် ၇နာရီမှ ၁၀နာရီအထိ ရန်ကုန်မြို့ရှိ တော်လှန်ရေးပန်းခြံ၌ တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို ဆက်လက်လေ့ကျင့်ကြသည်။

တပ်ပါလေ့ကျင့်

ယင်းသို့ စစ်ရေးပြလေ့ကျင့်မှုများ ဆောင်ရွက်ရာတွင် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်း ဦးဆောင်၍ စစ်ကြောင်းမှူးဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်သည့်အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသိန်းတန် ဦးဆောင်သည့်ကျန်စစ်သားစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသန်းဝင်း ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်သော် ဦးဆောင်သည့် နဝဒေးစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး တင့်ဝေ ဦးဆောင်သည့်အောင်ဇေယျစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဦးကျော် ဦးဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမြင့်ကိုကို ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးကံညွှန့် ဦးဆောင်သည့် မြဝတီစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး မောင်မောင်သန်း ဦးဆောင်သည့် အောင်ဆန်းစစ်ကြောင်းတို့မှ တပ်မတော်သားများက တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို ပြုလုပ်ကြသည်။

ကြည့်ရှုစစ်ဆေး

စစ်ရေးပြလေ့ကျင့်မှုများကို (၅၉) နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး၊ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်၊ ဗိုလ်ချုပ်အောင်ကြည်၊ ဗိုလ်မှူးချုပ်ဉာဏ်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ လာရောက် ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

ခပ်ဆေး

(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး၊ စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများ မြို့မကွင်း၌ စစ်ကြောင်းကြီးများ တပ်ပါ စစ်ရေးပြလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။
(ထပဆ)

ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ မေးခွန်းစာမူနှင့် အဖြေစုံများပေးပို့

ရန်ကုန် မတ် ၃

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သြဝါဒနှင့်အညီ မြို့နယ် သံဃနာယကအဖွဲ့အသီးသီးက ကြီးမှူး၍ နှစ်စဉ် မေလ (၂၅၊၂၆၊ နှင့် ၂၇) ရက် (အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့)များတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ တစ်ပြိုင်တည်း ကျင်းပမည့် (၂၁)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲအတွက် မေးခွန်းစာမူနှင့် အဖြေစုံများကို စာမေးပွဲဖြေဆိုမည့် ပြည်နယ်၊ တိုင်းအသီးသီးရှိ မြို့နယ် သံဃနာယကအဖွဲ့သို့ မတ် ၂၇ရက်တွင် မှတ်ပုံတင်စနစ်ဖြင့် ပေးပို့မည်ဖြစ်သည်။

မေးခွန်းစာမူ မရောက်ရှိသော မြို့နယ် သံဃ နာယကအဖွဲ့များသည် စာမေးပွဲ အချိန်မီ ကျင်းပနိုင်ရေးအတွက် မေးခွန်းစာမူရရှိရေးကို သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတွင် ထုတ်ယူနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ဟော်ကီအဖွဲ့ချုပ်အမှုဆောင်များ စည်းဝေး

ရန်ကုန် မတ် ၃

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် အမှုဆောင်များအစည်းအဝေး (၂/၂၀၀၄)ကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူဟော်ကီကွင်းရှိ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ရုံးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ တပ်မတော်မှတ်တမ်းရုံး တပ်မှူး အမှတ်(၂)စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံရုံးမှ ကောင်စစ်ဝန် Mr. Habib-Ur-Rehman က မြန်မာ့ဟော်ကီအားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လှူဒါန်းသော ငွေကျပ်တစ်သိန်းကို ၎င်း၏ကိုယ်စား မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်မှ ကမ္ဘာ့ဟော်ကီအဖွဲ့ချုပ်(FIH)ဟော်ကီအားကစားနည်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ဦးကျော်နိုင်က ပေးအပ်ရာ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်က လက်ခံသည်။ **(အောက်ပုံ)**

ထို့နောက် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် အမှုဆောင်များ အစည်းအဝေး (၂/၂၀၀၄)ကို ဆက်လက်ကျင်းပသည်။ (သတင်းစဉ်)

အီရတ်နိုင်ငံ၏လုံခြုံရေးအခြေအနေ ဆက်လက်ဆိုးရွားနေဆဲ

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် မတ် ၂ရက်နံနက်က လက်ပစ်ဗုံးဖြင့် ပစ်ပေါက် တိုက်ခိုက်ခံရသဖြင့် ပေါက်ကွဲမီးလောင်ကျွမ်းနေသော စစ်ယာဉ်တစ်စီးကို အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးက မီးငြိမ်းသတ်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်မြင်ကွင်း

လုံခြုံရေးစောင့်ကြပ်

ဖေဖော်ဝါရီ ၂၈ ရက်က မြို့တော်ဘဂ္ဂဒက်မြောက်ဘက် ခါဒီမီယာမြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မတ် ၁ရက်က မြို့တော်ဘဂ္ဂဒက်တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေကြသည့် အီရတ်နိုင်ငံသားများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ဗုံးပေါက်ကွဲ

မတ် ၂ ရက်က အီရတ်နိုင်ငံ ကာဘာလာမြို့တွင် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ပြီးနောက် မီးလောင်နေသော အပျက်အစီးများ မြင်ကွင်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မတ် ၂ ရက်က အီရတ်နိုင်ငံ ကာဘာလာမြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ပျက်စီးမှုများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မတ် ၂ရက်က အီရတ်နိုင်ငံ ကာဘာလာမြို့တွင် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ပြီးနောက် ဒဏ်ရာရရှိသူအီရတ်တစ်ဦးကို လှည်းဖြင့်သယ်ဆောင်လာစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံတွင် သေဆုံးခဲ့သော ဗြိတိသျှတပ်ဖွဲ့ဝင်များကိစ္စ ကျန်ရစ်သူ မိသားစုများက ကာကွယ်ရေးဝန်ကြီးဌာနကို တရားစွဲမည်

လန်ဒန် မတ် ၁

အီရတ်နိုင်ငံတောင်ပိုင်း တိုက်ခိုက်မှုတစ်ခုတွင် ဗြိတိသျှတပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံးခဲ့ရသည်။ ထိုသေဆုံးသူ တပ်ဖွဲ့ဝင်များ၏ မိသားစုများက ဖြစ်ပျက်ခဲ့သည့် အခြေအနေမှန်ကို သိရှိရေးအတွက် ဗြိတိသျှ ကာကွယ်ရေးဝန်ကြီးဌာနကို တရားစွဲဆိုရန် လုပ်ဆောင်နေသည်။

ဗြိတိသျှတပ်ဖွဲ့ဝင် ခြောက်ဦးမှာ လွန်ခဲ့သည့်နှစ်ဇွန်လက သေဆုံးကြရခြင်းဖြစ်ပြီး ၎င်းတို့သည် ဗြိတိန်တော်ဝင်စစ်ရဲတပ်ဖွဲ့မှ ဖြစ်သည်။ ထိုသေဆုံးမှုမဖြစ်ပွားအောင် ရှောင်ရှားနိုင်သော အခြေအနေရှိပါလျက် အာဏာပိုင်များ၏ ပျက်ကွက်မှုကြောင့် သေဆုံးရခြင်းဖြစ်၍ ကျန်ရစ်သူ မိသားစုများက တရားစွဲရန် စီစဉ်ရခြင်းဖြစ်သည်ဟု ဒေးလီးမေးလ်သတင်းစာက တနင်္လာနေ့တွင် ဖော်ပြခဲ့သည်။

နောက်ဆုံးအဆင့်

တိုနီ ယာ မီလ် တန် ဂျေဝဲလ် သည် အီရတ်တွင် သေဆုံးသွားသော အသက် (၄၁) နှစ်အရွယ်ရှိ ဗြိတိန်တပ်ဖွဲ့ဝင် ဆင်မွန်၏ ညီအစ်ကိုတော်သူဖြစ်သည်။ ဟာမီလ်တန်က သေဆုံးသူ တပ်ဖွဲ့ဝင်များ၏ မိသားစုများသည် တရားစွဲဆိုရေးကိစ္စကို အခြားနည်းလမ်းများမရှိတော့သည့် နောက်ဆုံးအဆင့်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သေဆုံးသွားသော စစ်ရဲများသည် အမှတ် ၁၅၆ ပရိုဗိုတပ်ခွဲတွင် တာဝန်ထမ်း နေသူများဖြစ်သည်။ ၎င်းတို့သည် ဇွန် ၂၄ ရက် သေဆုံးခဲ့ကြစဉ်က အယ်မာဂျာအယ်ကာဘီမြို့ရှိ ရဲစခန်းငယ်ကလေးတွင် ရှိနေကြသည်။ ထိုမြို့သည် ဘာဆရာမြို့၏ မြောက်ဘက် ကီလိုမီတာ ၂၀၀ အကွာ အဝေးတွင် တည်ရှိသည်။

တရားစွဲဆိုသော ကိစ္စသည် နောက်ဆုံးအဆင့် လုပ်ဆောင်ရမည့် ကိစ္စဖြစ်ကြောင်း၊ သို့ရာတွင် အခြားသော ကြိုးပမ်းမှုမှန်သမျှ မအောင်မမြင်ဖြစ်ခဲ့ရပြီဖြစ်၍ အမှန်တရားကို ရရှိရန် နောက်ဆုံးနည်းလမ်းကို ရွေးရတော့မည်ဖြစ်ကြောင်း ဟာမီလ်တန်ဂျေဝဲလ်က ဒေးလီးမေးလ်သတင်းစာကို ပြောကြားခဲ့သည်။

ဆောင်ရွက်ဆဲ

ဗြိတိန် ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ကာကွယ်ရေးဝန်ကြီးဌာန အနေဖြင့် တရားရုံး၏ နို့တစ်စာရရှိခြင်းမရှိသေးကြောင်း၊ အထက်ပါ အမှုကိစ္စနှင့် ပတ်သက်၍ စစ်ဆေးမှုများလည်း ဆက်လက် ဆောင်ရွက်နေဆဲဖြစ်ကြောင်း ပြောကြားသွားသည်။

ဗြိတိသျှဥပဒေအရ အလုပ်ရှင်၏ ဂရုမစိုက် ပျက်ကွက်မှုကြောင့် အလုပ်သမား သေဆုံးရလျှင် တရားစွဲဆိုခွင့်ပေးထားသည်။ ***အင်တာနက်။***

မတ် ၁ ရက်က ဘဂ္ဂဒက်မြို့တွင် အီရတ်ပြည်သူများ အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်သံများ ဟစ်ကြွေးနေစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

မတ် ၂ ရက်က အီရတ်နိုင်ငံ ခါဒီမီယာမြို့တွင် ဒေါသထွက်နေသည့် အီရတ်များက အမေရိကန်တပ်ဖွဲ့ဝင်များကို ကျောက်ခဲများဖြင့် ပစ်ပေါက်နေစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ပြင်သစ်နိုင်ငံ၌ ရာသီဥတုဆိုးရွား

ပါရီ မတ် ၂

ပြင်သစ်နိုင်ငံ တော်လော့စ်ဒေသတွင် ရာသီဥတုဆိုးရွားဆဲဖြစ်ပြီး ဆီးနှင်းများနှင့် အပူချိန်ကျဆင်းမှုကြောင့် လမ်းများတွင် ယာဉ်တိုက်မှုများဖြစ်ပွားခဲ့သည်။ ကာဟော်စ်တောင်ဘက်တွင်လည်း အဆိုပါနေ့က ဆိုးရွားသည့် ယာဉ်တိုက်မှုတစ်ခုဖြစ်ပွားခဲ့ပြီး ၎င်းယာဉ်တိုက်မှုကြောင့် လူနှစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိပြီး ခုနစ်ဦးမှာ အနည်းငယ် ထိခိုက်ခဲ့သည်ဟု သိရသည်။

အေဂျင်ဒေသအနီးတွင်လည်း ခရီးသွားလာမှု ရပ်ဆိုင်းထားရသည်ဟု သိရသည်။ ***စီအက်ဖ်အိုင်။***

မောင်းသူမဲ့လေယာဉ်များ အီရတ်စစ်ပွဲ၌အသုံးချခဲ့

ဝါရှင်တန် မတ် ၂

လေကြောင်းနည်းပညာရပ်များ ဆန်းပြားလာသည်နှင့်အမျှ မောင်းသူမဲ့လေယာဉ်ပျံငယ်များ၏ အခန်းကဏ္ဍသည်လည်း ပိုမိုအရေးပါ ကျော်ကြားလာခဲ့သည်။

ကွန်ပျူတာအကူအညီနှင့် မောင်းနှင်

၎င်းမောင်းသူမဲ့လေယာဉ်ပျံငယ်များ၏ အားသာချက်သည် လေယာဉ်မှူး၏ အသက်အန္တရာယ်စိုးရိမ်ရသည့် အခြေအနေမျိုးတွင် ပျံသန်းထောက်လှမ်းနိုင်ခြင်းဖြစ်သည်။

၎င်းလေယာဉ်တွင် တပ်ဆင်ထားသည့် ၂၈ဂရမ်သာ အလေးချိန်ရှိသော ချစ်ပ်ပြားကို မြေပြင်စခန်းမှ ကွန်ပျူတာအကူအညီဖြင့် မောင်းနှင်ခြင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ထောက်ပံ့မှုအနည်းငယ်နှင့် ဆောင်ရွက်နိုင်စွမ်းရှိသည်။

၎င်းတို့ကို မိုးလေဝသ အခြေအနေ စောင့်ကြည့်လေ့လာရေးတွင်သာမက စုံစမ်းထောက်လှမ်းရေးတွင်ပါ အသုံးပြုနိုင်ကြောင်း၊ အီရတ်စစ်ပွဲတွင် ယခုကဲ့သို့ ယာဉ်များကို အသုံးပြုခဲ့ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။ ***စီအင်န်အင်န်။***

ကာဘာလာနှင့် ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွား

ကာဘာလာ မတ် ၂

အီရတ်နိုင်ငံ ကာဘာလာမြို့နှင့် ဘဂ္ဂဒက်မြို့များတွင် အင်္ဂါနေ့က ဗုံးများတစ်သီကြီး ပေါက်ကွဲခဲ့သောကြောင့် လူအများအပြား သေကျေဒဏ်ရာ ရရှိသည်။

ဘဂ္ဂဒက်မြို့၏ တောင်ဘက်မိုင် ၅၀ အကွာရှိ ကာဘာလာမြို့တွင် နံနက် ၁၀ နာရီခန့်က ပေါက်ကွဲမှု ငါးကြိမ် ဆက်တိုက် ဖြစ်ပွားခဲ့သည်။ ထိုပေါက်ကွဲမှုကြောင့် လူများ ကြောက်လန့်တကြား ထွက်ပြေးကုန်ကြောင်း မျက်မြင် တွေ့ရှိသူများက ပြောကြားသည်။

ဆက်တိုက်ပေါက်ကွဲ

တစ်ချိန်တည်းလိုလိုပင် ဘဂ္ဂဒက်မြို့အပြင်ဘက်တွင်လည်း ဗုံးသုံးလုံး ဆက်တိုက် ပေါက်ကွဲခဲ့သည်။ ထိတ်လန့်တုန်လှုပ်နေသော လူအုပ်ကြီးက အော်ဟစ်ထွက်ပြေးနေကြစဉ် ရဲတပ်ဖွဲ့က အခင်းဖြစ်ပွားရာနေရာကို ပိတ်ဆို့ထားလိုက်သည်။ သူနာပြုကားများမှာလည်း ပေါက်ကွဲရာနေရာသို့ မောင်းဝင်သွားခဲ့ကြသည်။ အရပ်ဝတ်ဝတ်ထားသော လုံခြုံရေးတပ်ဖွဲ့ဝင် ဒါဇင် ပေါင်းများစွာတို့က အခြေအနေကို ငြိမ်သက်သွားအောင် ထိန်းသိမ်းခဲ့ကြကြောင်းသိရသည်။

တွေ့လိုက်ရ

ကာဘာလာမြို့တွင် ဗုံးကွဲမှုကြောင့် သေနေပြီဟုယူဆရသော အလောင်း ၁၀ လောင်းကို သစ်သားလှည်းများဖြင့် တင်၍ တွန်းထုတ်သွားသည်ကို အေပီသတင်းထောက်က တွေ့လိုက်ရသည်ဟု ဆိုသည်။ လူအများအပြားလည်း ဒဏ်ရာရရှိသွားကြသည်ကို တွေ့ကြရကြောင်း သိရသည်။ ***အင်တာနက်။***

ဆူပါမတ်ကက် ဈေးခေါင်မိုးပြိုကျ၍ လူ ၁၀ ဦး ဒဏ်ရာရ

မော်စကို မတ် ၂

ရုရှားနိုင်ငံ မော်စကိုမြို့ မြောက်ဘက်ရှိ ဂျာမနီကန်ထရိုက်တည်ဆောက်ပေးထားသော ဆူပါမတ်ကက်ဈေးကြီး၏ ခေါင်မိုးများပြိုကျခဲ့ကြောင်း အီတာတာ့စ် သတင်းဌာနက ဖော်ပြသည်။

ဈေးခေါင်မိုးပြိုကျသည့်အတွက် လူ ၁၀ ဦး ဒဏ်ရာရသွားသည်။ လူနာလေးဦးကို ဆေးရုံတင်လိုက်ရပြီး အခြားခြောက်ဦးကို အခင်းဖြစ်ပွားရာနေရာ၌ပင် ဆေးဝါးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ လူနာတစ်ဦးမှာမူ ပြိုကျသွားသော သတ္တုအမိုးများအောက်၌ ပိနေသောကြောင့် ဆွဲထုတ်ကယ်ဆယ်ခဲ့ရသည်။

မော်စကိုမြို့တော်ဝန်၏ ပြောရေးဆိုခွင့်ရှိသူ ဆာဂျီဆိုအီက ခေါင်မိုးပြိုကျရသည့်ကိစ္စအတွက် ဆောက်လုပ်ရေးသမားများကို အပြစ်တင်လိုက်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဖေဖော်ဝါရီ ၂၉ ရက်က သွေးကင်ဆာဝေဒနာခံစားနေရသည့် အီရတ်ကလေးငယ်တစ်ဦးအား ဘဂ္ဂဒက်မြို့ ကလေးဆေးရုံတွင် တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတကာသတင်းများ

စစ်ဆေး

ဖေဖော်ဝါရီ၂၉ ရက်က ကာဘာလာမြို့တွင် ခရီးသွားယာဉ်တစ်စီးကို စစ်ဆေးနေသည့် ပိုလန်တပ်ဖွဲ့ဝင်တစ်ဦးကိုတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ကိုဆင်နွှဲသည့် ကျူးကျော်စစ် တရားဝင်ကြောင်း ဘလဲထံ တင်ပြသည့်အကြံပေးချက် ပြင်ဆင်ရန် ဖိအားပေးခံခဲ့ရ

လန်ဒန် မတ် ၂

အီရတ်နိုင်ငံအပေါ် ဆင်နွှဲသော ကျူးကျော်စစ်သည် တရားဝင်စစ်ပွဲဖြစ်ကြောင်း ဝန်ကြီးချုပ်ဘလဲထံသို့ တင်ပြသော အကြံပေးချက်ကို ပြင်ဆင်ရေးသားရန် နိုင်ငံ၏ထိပ်တန်း ဥပဒေအကြံပေးပုဂ္ဂိုလ်အား ဖိအားပေးမှုများရှိခဲ့ကြောင်း ဗြိတိန်နိုင်ငံထုတ် သတင်းစာကြီးနှစ်စောင်က ရေးသားဖော်ပြခဲ့သည်။

ဝန်ကြီးချုပ်ဘလဲ၏ရုံးမှ ပြောရေးဆိုခွင့်ရှိသူက အထက်ပါသတင်းကို အတည်ပြုခြင်း သော်လည်းကောင်း၊ ငြင်းဆိုခြင်းသော်လည်းကောင်း မပြုဘဲ အစိုးရအနေဖြင့် ထိုဥပဒေအကြံပြုချက်ကို ပုံနှိပ်ထုတ်ဝေမည် မဟုတ်ကြောင်းသာ ပြောကြားခဲ့သည်။

အဆင့်မြင့်သူလျှိုလုပ်မှုနှင့်ဆိုင်သော အမှုကိစ္စကို ပြီးခဲ့သောရက်သတ္တပတ်က စွဲဆိုခြင်းမပြုရန် ရှေ့နေချုပ် လော့ဒ် ဂိုးလ်စမစ်က ဆုံးဖြတ်ခဲ့သည်။

ထို သူလျှိုလုပ်သည့်ကိစ္စနှင့် အီရတ်ကျူးကျော်စစ်တရားဝင်ကြောင်းရေးသားသည့် အသေးစိတ်အချက် အလက်များသည် ဆက်စပ်နေဟန် ရှိသည်ဟု သတင်းစာများတွင် ဖော်ပြ သွားသည်။

ရှေ့နေချုပ်စမစ်၏အကြံပြုချက်သည် မပြတ်မသား ခြစ်စည်းရိုးခွထိုင်သည့် သဘောမျိုး ရေးသားထားသည်။

သို့ရာတွင် ကာကွယ်ရေးဌာနဆိုင်ရာ အကြီးအကဲများက ယခုစစ်ပွဲသည်တရားမဝင်သောစစ်ပွဲဖြစ်ကြောင်း သုံးသပ်မည်ကို စိုးရိမ်နေ ခဲ့ကြသည့်အတွက် ထိုစိုးရိမ်မှုကို ပပျောက်စေရန် တရားဝင်ကြောင်း အာမခံချက်ပါသော အကြံပြုချက်မျိုးအဖြစ် ပြင်ဆင်ရေးသားခဲ့ရကြောင်း အော့ဇာဗာ သတင်းစာက ဖော်ပြထားသည်။

ထိုအချက်ကို ထိပ်ပိုင်းမှရသော သတင်းအဖြစ် ကိုးကားထားသည်။ စစ်ဘက်ဆိုင်ရာ အကြီးအကဲများသည် အီရတ်စစ်ပွဲသည် တရားဝင်ကြောင်း ရှင်းလင်းသော ဥပဒေအာမခံချက် ရယူလိုသည်။

ထိုကိစ္စကြောင့် ဂိုးလ်စမစ်သည် ရက်အတန်ကြာအောင်ဥပဒေအကြံပြုချက်များကို ပြန်လည်ပြုစု ရေးသားခဲ့ရသည်ဟု အင်ဒီပင်းဒင့် သတင်းစာက ဖော်ပြသည်။ ဒေါင်းနင်းလမ်းရှိဗြိတိန်ဝန်ကြီးချုပ် ဘလဲ၏ရုံးမှ ပြောရေးဆိုခွင့်ရှိသူက ဥပဒေအကြံပြုချက် ပြင်ဆင်ခဲ့ရခြင်းရှိမရှိကို အဖြေတစ်စုံတစ်ရာမပေးခဲ့ဘဲ အစိုးရအနေဖြင့် အတွင်းရေးကိစ္စများကို ဆွေးနွေးမည်မဟုတ်ဟုသာ ပြန်ကြားခဲ့သည်။

ဗြိတိန်အစိုးရအနေဖြင့် ဥပဒေအကြံပြုချက်များကို ထုတ်ဖော်ပြောကြားသော အစဉ်အလာ မရှိခဲ့ပါဟုသာ ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားသည်။

ထို့အပြင် ရှေ့နေချုပ်သည် ၎င်းပေးခဲ့သော အကြံပြုချက်များဘက်ကသာ ဆက်လက် ရပ်တည်လျက်ရှိပြီး ထိုအကြံပြုချက်များသည် ယခင်က မှန်ကန်မှုရှိသကဲ့သို့ ယခုလည်း မှန်ကန်မှုရှိဆဲဖြစ်သည်ဟု ပြောကြားသည်။

ထိုစဉ်က ဗြိတိန်ကာကွယ်ရေးဆိုင်ရာ အကြီးအကဲသည် ဆာမိုက်ကယ်ဗွိုက်စ်ဖြစ်သည်။ စစ်ပွဲတစ်ရပ်ဆင်နွှဲရာ၌ စစ်ပွဲ ကြီးသည်၊ သေးသည်မခွဲခြားဘဲ တရားဝင်မှုရှိသည် မရှိသည်ဟူသောအချက်ကို ဦးစွာရယူလေ့ရှိသော အစဉ်အလာရှိသည်။ ယခုအီရတ်စစ်ပွဲတွင်လည်း အလားတူပင် တရားဝင်ဟု အာမခံချက်ရယူခြင်းသာ ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့် ရှိသူကဆိုသည်။

ဝန်ကြီးချုပ် ဘလဲသည် အီရတ်ကျူးကျော်စစ်ပွဲ ပြီးဆုံးသွားသည့်အချိန်မှစ၍ အဆက်မပြတ် ပြဿနာများနှင့် ကြုံနေရပြီး ဖိအားပေးသည့်ဒဏ်ကို ခံနေရသည်။

သို့ရာတွင် ဘလဲက ဂိုးလ်စမစ်၏ ဥပဒေအကြံပြုချက်ကို ထုတ်ပေးရန် အဆက်မပြတ် ငြင်းခဲ့ပြီး အီရတ်အားတိုက်ခိုက်မှုမှာ တရားဝင်သည်ဟုသာ တင်းခံနေခဲ့သည်။

အကယ်၍သာ ဗြိတိန်ထောက်လှမ်းရေးဌာနမှ စကားပြန် ဝန်ထမ်းဟောင်း၏ အမှုကို ရုံးတင်ခွင့်ရခဲ့လျှင် ဥပဒေအကျိုးဆောင်၏ အကြံပြုချက်များမှာလူသိရှင်ကြား ဖြစ်လာနိုင်ဖွယ်ရှိသည်ဟု သတင်းစာနှစ်စောင်စလုံးက ရေးသားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အရှေ့အလယ်ပိုင်းပြုပြင်ပြောင်းလဲရေး အမေရိကန်၏အစီအစဉ် ဆော်ဒီအာရေဗျ၊ အီဂျစ်တို့နည်းတူ ဆီးရီးယားဆန့်ကျင်

ကိုင်ရို မတ် ၂

အရှေ့အလယ်ပိုင်းဒေသအတွင်း နိုင်ငံရေးနှင့်အခြားသော ပြုပြင်ပြောင်းလဲရေးများပြုလုပ်မည့် အမေရိကန်အစိုးရ၏ စီမံကိန်းကို ဩဇာကြီးသော အာရပ်နိုင်ငံနှစ်နိုင်ငံဖြစ်သည့် ဆော်ဒီအာရေဗျနှင့် အီဂျစ်နိုင်ငံများနည်းတူ ဆီးရီးယားကလည်း ဆန့်ကျင်ကြောင်း လန်ဒန်မှ အယ်ဟာယက်သတင်းစာက တနင်္ဂနွေနေ့တွင် ရေးသားလိုက်သည်။

အယ်ဟာယက်သတင်းစာတွေ့ဆုံမေးမြန်းခန်းတွင်ဆီးရီးယားပြန်ကြားရေးဝန်ကြီး အာမက်အယ်ဟက်ဆန်က ပြောကြားရာ၌ မိမိတို့၏ ရပ်တည်ချက်မှာ ပြည်ပမှစေခိုင်းသော မည်သည့်ပြုပြင်ပြောင်းလဲရေး စီမံကိန်းကိုမျှ မလိုလားကြောင်း၊ ပြုပြင်ပြောင်းလဲမှုများသည်ဒေသတွင်း လိုအပ်ချက်များကို အခြေခံပြီး ပေါ်ပေါက်လာရမည်ဖြစ်ပြီး ပြင်ပအင်အားစုများ၏ အမိန့်ပေးစေခိုင်း ဖန်တီးမှုမဖြစ်စေရန်လိုကြောင်း ထုတ်ဖော်ပြောဆိုသည်။

ပြည်ပမှ စေခိုင်းခြင်း သို့မဟုတ် အကျပ်ကိုင်မှုကြောင့် ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ရေးကို မည်သည့်အစိုးရကမျှ လက်ခံမည်မဟုတ်ကြောင်း ဆီးရီးယားပြန်ကြားရေးဝန်ကြီး အာမက်အယ်ဟက်ဆန်က ပြောဆိုသည်။အာရပ်ကမ္ဘာသည် ပြုပြင်ပြောင်းလဲမှုကို မိမိတို့ဘာသာဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပြင်ပမှ ပြဋ္ဌာန်းလာသော မည်သည့်ပြုပြင်မှုကိုမဆို ပယ်ချမည်ဖြစ်ကြောင်းဖြင့် အမေရိကန်နိုင်ငံနှင့် ဆက်ဆံရေး ကောင်းမွန်သည့် ဆော်ဒီအာရေဗျနှင့် အီဂျစ်နိုင်ငံတို့ကလည်း လွန်ခဲ့သည့် ရက်သတ္တပတ်က ပြောကြားခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

အီရတ်သို့ အကူအညီပေးမည့် ဒေါ်လာ ၃၃ ဘီလျံအနက် တစ်ဘီလျံသာ အလှူရှင်နိုင်ငံများက ဖြည့်ဆည်းပေးမည်ဟု ပြောကြား

အဘူဒါဘီ မတ် ၂

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် လျာထားသည့် အကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၃၃ဘီလျံမှ တစ်ဘီလျံကို နိုင်ငံတကာ အလှူရှင်နိုင်ငံများက ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း တနင်္ဂနွေနေ့ကပြောကြားလိုက်သည်။

ယင်းငွေကြေး အကူအညီကို ကုလသမဂ္ဂနှင့် ကမ္ဘာ့ဘဏ်တို့က ထိန်းချုပ်ထားသည့်ရန်ပုံငွေအဖွဲ့နှစ်ခုတွင် ထည့်သွင်းမည်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့က ယင်းရန်ပုံငွေအဖွဲ့များကို ထိန်းချုပ်မည်ဆိုပါက ပြင်သစ်နှင့်ဂျာမနီနိုင်ငံ အပါအဝင်အီရတ်စစ်ပွဲအား ဆန့်ကျင်ခဲ့သည့်နိုင်ငံများက အီရတ်သို့ အကူအညီပေးရန် ငြင်းဆိုခဲ့ကြသည်။

လွတ်လွတ်လပ်လပ်

ယင်းနိုင်ငံများက အီရတ်နိုင်ငံသို့ တိုက်ရိုက်အကူအညီပေးရန် သို့တည်းမဟုတ် အလှူငွေများကို ကုလသမဂ္ဂနှင့် ကမ္ဘာ့ဘဏ်တို့က ထိန်းချုပ်ပြီး စာရင်းစစ်ဆေးမှု လွတ်လပ်စွာဆောင်ရွက်နိုင်မှသာ အကူအညီပေးရန် လိုလားကြကြောင်း ပြောကြားသည်။

ယင်းအကူအညီပေးရေးကိစ္စနှင့် ပတ်သက်၍ အလှူရှင်နိုင်ငံများကို ကျေးဇူးဥပကာရတင်ရှိပါကြောင်း စီမံကိန်းဝန်ကြီး အယ်လ်ဟာဖက်က အစည်းအဝေးအပြီးတွင် သတင်းထောက်များအားပြောကြားသည်။

ဝန်ကြီးဟာဖက်က အမေရိကန် ဒေါ်လာ လေးဘီလျံတန်ဖိုးရှိ စီမံကိန်းများအား အကြမ်းဖျင်း ပြောကြားပြီး အလှူရှင်နိုင်ငံများ ပေးလှူသည့် ငွေကြေးများကို စစ်ဒဏ်နှင့် ကုလသမဂ္ဂ၏ အရေးယူကန့်သတ်ချက်များကြောင့် အထိနာခဲ့သည့် အီရတ် နိုင်ငံပြန်လည်တည်ဆောက်ရေးကိစ္စတွင် ငွေကြေးမတည်သုံးစွဲမည် ဖြစ်ကြောင်း ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်စစ်ပွဲအတွင်း စစ်ဘက်ဆိုင်ရာပစ္စည်းများဖြည့်ဆည်းပေးရန် ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ တောင်းဆိုချက်များကို လျစ်လျူရှုခဲ့

လန်ဒန် မတ် ၂

ဗြိတိသျှတပ်ဖွဲ့ဝင်များက ၎င်းတို့၏ တောင်းဆိုမှုများကို တာဝန်ရှိသူများက လျစ်လျူရှုခဲ့ကြောင်း မကျေမနပ် ပြောကြားသည်။

တောင်းခံခဲ့

၎င်းတပ်ဖွဲ့ဝင်များက အီရတ်စစ်ပွဲအတွင်း စစ်ဘက်ဆိုင်ရာ လိုအပ်သည့် ပစ္စည်းများ ဖြည့်ဆည်းပေးရန် တောင်းခံခဲ့ရာ အထက်အရာရှိများက စီစဉ်ပေးခြင်းမရှိခဲ့ကြောင်းဖြင့် ဗြိတိသျှ "ဆန်ဒေးတယ်လီဂရပ်"နေ့စဉ်သတင်းစာက တနင်္ဂနွေနေ့တွင် ရေးသားလိုက်သည်။

ယခင်က မပြုလုပ်ခဲ့ဖူးသည့် ထူးကဲစွာ ဝေဖန်ထားသော ကိုယ်ရေးစာတစ်စောင်ကို ဗြိတိသျှတပ်မတော်အကြီးအကဲဗိုလ်ချုပ်ကြီး မိုက်ဂျက်ဆင်ထံသို့ တင်ပြခဲ့ကြောင်း ၎င်းသတင်းစာက ရေးသားသည်။

ဖော်ပြထား

အီရတ်နိုင်ငံ စစ်ပွဲတွင် ဝင်ရောက်တိုက်ခိုက်ခဲ့သူ တပ်ဖွဲ့ဝင်များက ၎င်းတို့အတွက် ဝန်စည်စလယ်ပစ္စည်းများ ထည့်ရန် သေတ္တာများတောင်းခံခဲ့ရာ အထက်အရာရှိများ၏ စီစဉ်မှု အားနည်းခြင်းကြောင့် တပ်ဖွဲ့ဝင်များအတွက် မပြေမလည် ဖြစ်ခဲ့ရကြောင်းဖြင့် ပြန်တမ်းဝင် အရာရှိနှင့် အရာရှိငယ်များ ရေးသားသည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

တပ်ဖွဲ့ဝင်အများစုသည် ရှေ့တန်းစစ်မျက်နှာသို့ သွားရောက်အမှုထမ်းရာတွင်လိုအပ်သည့်ပစ္စည်းကိရိယာများကို ပံ့ပိုးပေးမှုမရှိ၍ စိတ်ကသိကအောက်ဖြစ်ခဲ့ကြရကြောင်း အဆိုပါ သတင်းစာက ရေးသားသည်။

ဖော်ပြခဲ့

အီရတ်စစ်ပွဲ တိုက်ပွဲဝင် တပ်ဖွဲ့ဝင်များ၏ လိုအပ်ချက်များ ထောက်ပံ့ဖြည့်ဆည်းရန် ကိစ္စအား စစ်ဌာနချုပ် အသီးသီးက အဆင့်ဆင့်တင်ပြခဲ့ကြကြောင်း အဆိုပါ သတင်းစာက ဆက်လက်ရေးသားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မတ် ၁ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အီရတ်နိုင်ငံသားများက အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်သံများ ဟစ်ကြွေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လယ်တီဝိပဿနာ ခုနစ်ရက် တရားစခန်း

ရန်ကုန် မတ် ၃

လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် (၃၃၇/က)ပြည်လမ်း လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၆၉)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို မတ် ၅ ရက်မှ မတ် ၁၃ ရက်ထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများ ဖုန်း-၅၃၄၃၂၉ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပြိုးခြီချေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲ

ဆောင်းပါး-ညီထွတ်
ဓာတ်ပုံ-ကိုကိုစိုးညွန့်

မြန်မာနိုင်ငံ ဝူရှူးအားကစားအဖွဲ့ချုပ်သည် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲတစ်ခုကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါပြိုင်ပွဲမှာ (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက် ပြိုင်ပွဲဖြစ်သည်။ အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲကို နိုဝင်ဘာလအတွင်း ကျင်းပရန် စီစဉ်ထားကြောင်းသိရသည်။

အဆိုပါ အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲသည် မြန်မာနိုင်ငံတွင် ဒုတိယအကြိမ်ကျင်းပသည့် နိုင်ငံတကာ ဝူရှူးပြိုင်ပွဲတစ်ရပ်လည်းဖြစ်သည်။ ပထမဦးဆုံး ကျင်းပသည့်ပြိုင်ပွဲမှာ ၁၉၉၉ ခုနှစ်ကဖြစ်သည်။ အဆိုပါနှစ်က အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ဝူရှူးပြိုင်ပွဲမပါ၍ သီးခြားကျင်းပသည့် အရှေ့တောင်အာရှဝူရှူး တံခွန်စိုက်ပြိုင်ပွဲဖြစ်သည်။ ထိုစဉ်က မြန်မာဝူရှူးအဖွဲ့သည် ရွှေ ၁၁ ခု၊ ငွေရှစ်ခု၊ ကြေးတစ်ခု ဆွတ်ခူးရရှိခဲ့သည်။

မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်သည် အာရှအဆင့်ပြိုင်ပွဲကြီးကို ပထမဦးဆုံးအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရရှိခြင်းဖြစ်၍ ခမ်းခမ်းနားနား ကျင်းပနိုင်ရေးနှင့် ကိုယ့်မြေကိုယ့်ပရိသတ်ရှေ့မှောက်တွင် အောင်မြင်မှုရရှိရေးအတွက် အစွမ်းကုန်ပြင်ဆင်လျက်ရှိသည်။ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်သည် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲကို ၁၉၉၆ ခုနှစ်က ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပသော စတုတ္ထအကြိမ်မြောက်နှင့် ၂၀၀၀ ပြည့်နှစ်က ဗီယက်နမ်နိုင်ငံ၌ ကျင်းပသော ပဉ္စမအကြိမ်တို့တွင်သာ ယှဉ်ပြိုင်ခဲ့ဖူးရာ ငွေတံဆိပ်ခြောက်ခု၊ ကြေးတံဆိပ်တစ်ခုသာ ရရှိခဲ့သည်။ မြန်မာဝူရှူးအဖွဲ့သည် အခြားပြိုင်ပွဲတို့တွင်သာ ရွှေတံဆိပ်များ ဆွတ်ခူးဖူးသော်လည်း အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ် မရရှိသေးချေ။ ထို့ကြောင့် ယခုပြိုင်ပွဲတွင် ရွှေတံဆိပ် ဆွတ်ခူးနိုင်ရေး ကြိုးစားလျက်ရှိသည်။

နိုဝင်ဘာလထဲ၌ ကျင်းပတော့မည့် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများကို အာရှဝူရှူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr. Kyuhei Muraoka(ဂျပန်)၊ အာရှဝူရှူးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး Mrs. Ki Yapei(တရုတ်)၊ အာရှဝူရှူးအဖွဲ့ချုပ် နည်းစနစ်ပိုင်းကော်မတီ ဥက္ကဋ္ဌ Mr. Chen Gudong (တရုတ်)နှင့် ကမ္ဘာ့ဝူရှူးအဖွဲ့ချုပ် နည်းစနစ်ပိုင်း ကော်မတီအဖွဲ့ဝင် Mr. Yasuhiko Ishihara(ဂျပန်)တို့ ဖေဖော်ဝါရီ ၈ ရက်မှ ၁၂ ရက်အထိ လာရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။

မြန်မာနိုင်ငံသို့ လာရောက်ကြည့်ရှုစစ်ဆေးခဲ့သော အာရှဝူရှူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr. Kyuhei Muraoka ကို ကြေးမုံက တွေ့ဆုံမေးမြန်းခဲ့ပါသည်။

Mr. Kyuhei Muraoka က "ယခုကျင်းပမည့်ပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အောင်မြင်မှုရအောင် ကြိုးစားနေသည်ဟု သိရကြောင်း၊ ယခုအာရှဝူရှူး တံခွန်စိုက်ပြိုင်ပွဲ ဖြစ်မြောက်ရေးအတွက် နိုင်ငံအကြီးအကဲများ၊ အားကစား ဝန်ကြီးတို့ကပါ အထူးပံ့ပိုးအားပေးနေကြောင်း သိရ၍ လွန်စွာ အားရမိပါကြောင်း၊ ပြိုင်ပွဲကျင်းပမည့် အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)မှာလည်း ယခင်ကျင်းပခဲ့သော နိုင်ငံများ၏ အားကစားရုံများထက် အကြီးဆုံးနှင့် အကောင်းဆုံးဖြစ်သည်ဟု မိမိထင်ကြောင်း၊ ပြိုင်ပွဲဝင်နိုင်ငံများနှင့် ကစားသမားအရေအတွက်တို့မှာလည်း ယခင်အကြိမ်များကထက် များလာနိုင်ကြောင်း၊ ခန့်မှန်းအရ ပြိုင်ပွဲဝင်နိုင်ငံ ၂၅ နိုင်ငံကျော်နှင့် ကစားသမားဦးရေ ၄၀၀ ဝန်းကျင်ရှိနိုင်ကြောင်း၊ ယင်းပြိုင်ပွဲတွင် အာရှဝူရှူးအဖွဲ့ချုပ် ညီလာခံနှင့် ကမ္ဘာ့ဝူရှူးအဖွဲ့ချုပ် အလုပ်အမှုဆောင် အစည်းအဝေးတို့ကို ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲ အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် တရုတ်နိုင်ငံနှင့် ပူးပေါင်းကာအစီအစဉ်ကျအောင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မတ်လတွင် အာရှဝူရှူးအဖွဲ့ချုပ်ဝင်နိုင်ငံများသို့ အကြောင်းကြားကာ ပြိုင်ပွဲဝင်ရန် ဖိတ်ခေါ်မည်ဖြစ်ကြောင်း၊ မိမိတို့ဂျပန်နိုင်ငံ အနေဖြင့် ယခုပြိုင်ပွဲဝင်ရန် ဧပြီလလောက်မှ လူရွေးမည်ဖြစ်ကြောင်း၊ ၃၀ခန့် ပြိုင်ပွဲဝင်မည်ဟု ခန့်မှန်းထားကြောင်း၊ မိမိတို့က ကြိုးစားနေသော်လည်း မြန်မာကသာ အားသာနေကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ယခုနောက်ပိုင်းပွဲများတွင် မိမိတို့ဂျပန်ထက် မြန်မာကအောင်မြင်မှုပိုရလာကြောင်း၊ မြန်မာဝူရှူး မျိုးဆက်သစ်များမှာ အင်အားအပြည့်နှင့် တစ်စိုက်မတ်မတ် ကြိုးစားကြသည်ကို တွေ့ရကြောင်း၊ ယခုပြိုင်ပွဲမှာလည်း အောင်မြင်မှုရအောင် ကြိုးစားဦးမည်ဖြစ်ကြောင်း၊ မြန်မာ့ဝူရှူးအဖွဲ့၏ အောင်မြင်မှုများကိုလည်း ကမ္ဘာ့နိုင်ငံများက သိနေကြပြီဖြစ်ကြောင်း၊ မြန်မာဝူရှူးအဖွဲ့ချုပ်သည် အဖွဲ့ချုပ်သက်တမ်း (၁၀)နှစ်အတွင်း တိုးတက်မှုနှုန်း အထူးကောင်းလာသလို ဆုတံဆိပ်ရနှုန်းကလည်းတိုးတက်လာ၍ ယခုပြိုင်ပွဲမှာလည်း မြန်မာဝူရှူးအဖွဲ့ အထူးအောင်မြင်ရမည်ဟုထင်ကြောင်း" ပြောကြားသွားသည်။

ဆက်လက်၍ ကြေးမုံက မြန်မာဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေးအား မေးမြန်းခဲ့ပါသည်။ ဥက္ကဋ္ဌ ဦးခင်မောင်လေးက "အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲမှာ လေးနှစ်တစ်ကြိမ် ပုံမှန်ကျင်းပခြင်း ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲကို မြန်မာနိုင်ငံတွင်ကျင်းပရန် ၂၀၀၂ ခုနှစ်က ဆုံးဖြတ်ခဲ့ကြောင်း၊ အာရှဝူရှူးတံခွန်စိုက် ပြိုင်ပွဲသက်တမ်းတစ်လျှောက်တွင် မိမိတို့မြန်မာနိုင်ငံ၌ကျင်းပမည့် ယခုအကြိမ်သည် ပြိုင်ပွဲဝင်နိုင်ငံ အများဆုံးဖြစ်လာမည်ဖြစ်သကဲ့သို့ ပြိုင်ပွဲကျင်းပမည့် အားကစားရုံမှာလည်း အကြီးဆုံးနှင့် အကောင်းဆုံးပင်ဖြစ်ကြောင်း၊ ပြိုင်ပွဲကို နိုဝင်ဘာ ၂၀ မှ ၂၈ ရက်အထိ ကျင်းပရန် လျာထားကြောင်း၊ ပြိုင်ပွဲကို လေးရက်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ထောက်လုနှင့်ဆန်းဆိုပြိုင်ပွဲတို့ ကျင်းပသွားမှာဖြစ်ကြောင်း၊ ထောက်လုပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲ ၁၁ မျိုးနှင့် အမျိုးသမီးပြိုင်ပွဲ ၁၁ မျိုးကျင်းပသွားမည်ဖြစ်ပြီး ဆန်းဆိုပြိုင်ပွဲတွင် အမျိုးသားဝိတ်တန်း ကိုးတန်းနှင့် အမျိုးသမီးဝိတ်တန်း

မြန်မာနိုင်ငံက အိမ်ရှင် အဖြစ် လက်ခံကျင်းပမည့် အာရှ တံခွန်စိုက် ဝူရှူးပြိုင်ပွဲနှင့် စပ်လျဉ်း၍ အာရှဝူရှူး အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr. Kyuhei Muraoka(ဂျပန်) က ကြေးမုံသို့ ပြောကြားစဉ် (ယာပုံ) **နှင့်မြန်မာနိုင်ငံဝူရှူး အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခင်မောင်လေး ကြေးမုံသို့ရှင်းလင်း ပြောကြားစဉ်။**
(ယာအစွန်ပုံ)
(ဓာတ်ပုံ-ကိုကိုစိုးညွန့်)

ဂါးတန်းပါဝင်ကြောင်း၊ ဆန်းဆိုပြိုင်ပွဲတွင် တစ်နိုင်ငံလျှင် အမျိုးသားပြိုင်ပွဲ၌ ခုနစ်တန်းနှင့် အမျိုးသမီးပြိုင်ပွဲ၌ ငါးတန်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရကြောင်း၊ မိမိတို့ကအိမ်ရှင်ဖြစ်သည့်အတွက် တန်းပြည့်ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ အဆိုပါပြိုင်ပွဲဝင်မည့် အားကစားသမားများကို မတ်လတွင် တရုတ်နိုင်ငံသို့စေလွှတ်ကာ ကြိုတင်လေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း၊ ထောက်လုမှ ကစားသမား ၂၀ ကျော်၊ ဆန်းဆိုမှကစားသမား ၂၀ ကျော်တို့ကို စေလွှတ်လေ့ကျင့်စေမည်ဖြစ်ကြောင်း၊ ထိုအထဲမှ အကောင်းဆုံးနှင့် ဆုတံဆိပ်ရရှိနိုင်သူများကိုသာ ရွေးချယ်ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း၊ ဆန်းဆိုအားကစားသမားများကို ကွမ်းတုံပြည်နယ် ထျန့်ကျန်းမြို့တွင် လေ့ကျင့်စေမည်ဖြစ်ပြီး ထောက်လုအားကစားသမားများကို ဖူးကျန့်ပြည်နယ် ဖူးကျိုးမြို့၊ ကွယ်စီးပြည်နယ် နန်းလင်မြို့၊ ကျဲကျန်းပြည်နယ် ဟန်ကျိုးမြို့တို့တွင် စတင်လေ့ကျင့်ပြီး ပြိုင်ပွဲနီးလျှင် ပေကျင်းမြို့တွင် ဆက်လက်လေ့ကျင့်မှာ ဖြစ်ကြောင်း၊ အောင်မြင်မှုကို ဆက်လက် ထိန်းသိမ်းနိုင်ရေးအတွက် မျိုးဆက်သစ်ကစားသမားများကိုလည်း တရုတ်နည်းပြများကို မြန်မာနိုင်ငံသို့ခေါ်ယူလေ့ကျင့်သွားမှာဖြစ်ကြောင်း၊ ယခုနှစ် စက်တင်ဘာလတွင် ကမ္ဘာ့လူငယ်ဝူရှူးတံခွန်စိုက်ပြိုင်ပွဲကို ပထမဦးဆုံးအကြိမ် ပြင်သစ်နိုင်ငံတွင် ကျင်းပရန် လျာထားကြောင်း၊ ယင်းပြိုင်ပွဲတွင် ၁၂-၁၄ နှစ် တစ်တန်းနှင့် ၁၅-၁၇ နှစ် တစ်တန်းတို့ပါဝင်ကြောင်း၊ ကျင်းပမည် ဆိုပါက အောင်မြင်မှုရအောင် ကြိုးစားရမည်ဖြစ်ကြောင်း။

မိမိတို့အဖွဲ့ချုပ်သည် ပို၍ကြိုးစားနေကြောင်း၊ ယမန်နှစ်ကမှစလုပ်သည့် ဆန်းဆိုအားကစားနည်းမှာလည်း ပြီးခဲ့သည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရခဲ့၍ အားရမိကြောင်း၊ ထောက်လုရော ဆန်းဆိုပါ အောင်မြင်ရေး ဆောင်ရွက်နေကြောင်း၊ ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန်မှာ ကလေးတွေအနေနဲ့ အကောင်းဆုံး အနေအထားရောက်ရှိရန်လိုကြောင်း၊ ကစားသမား တစ်ဦးကောင်းရန်မှာ နည်းပြဆရာ အရေးကြီးကြောင်း၊ ကစားသမားအနေနဲ့ ပြိုင်ပွဲတွင် စိတ်ဓာတ်အမြင့်ဆုံး ရှိရမယ်၊ ကြံ့ခိုင်မှုကောင်းရမယ်၊ ယုံကြည်မှုပြည့်ဝရမယ်၊ ကျန်းမာရေးဒေါင်ဒေါင်မြည်ရမယ်၊ ဒါမှသာ ဆုတံဆိပ်မျှော်မှန်းနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြိုင်ဘက်အားလုံးကို လျှော့မတွက်ကြောင်း၊ မိမိတို့အဖွဲ့ချုပ်အနေဖြင့် နိုင်ငံအကြီးအကဲများ၏ လမ်းညွှန်ချက်၊ အားကစား ဝန်ကြီး၏ အနီးကပ်ပံ့ပိုးမှုနှင့်အတူ အထူးအောင်မြင်မှု ရအောင် ကြိုးစားနေကြောင်း၊ မိမိအနေဖြင့်လည်း ယခုနှစ်တွင် ယခင်နှစ်ကထက် ငွေကြေးပိုမိုသုံးစွဲကာ အောင်မြင်မှုများ ပိုမိုမြင့်မားအောင် ဆောင်ရွက်နေကြောင်း၊ တရုတ်ပြီးလျှင် ဒုတိယအကောင်းဆုံး ဖြစ်ချင်ကြောင်း၊ ထို့အတွက် ကြိုးစားနေပါကြောင်း၊ ရှေ့ပြိုင်ရမည့် ပြိုင်ပွဲများတွင် ရလဒ်ကောင်းများ ထွက်ပေါ်အောင် အစွမ်းကုန် ကြိုးစားသွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်သည် ယှဉ်ပြိုင်ပြီးသမျှ ပြိုင်ပွဲများတွင် မိမိနိုင်ငံအတွက် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များစွာ ဆွတ်ခူးရယူပေးပြီး ဖြစ်သော်လည်း ယခုအိမ်ရှင်အဖြစ် ကျင်းပမည့် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲ၌ ဆက်လက်၍ ရွှေတံဆိပ်များ ဆွတ်ခူးရရှိနိုင်ရန် အရှိန်အဟုန်ဖြင့် ကြိုးပမ်းပြင်ဆင်လျက် ရှိနေပါကြောင်း တင်ပြလိုက်ရပါသည်။ ။

မြန်မာ့အာမခံလုပ်ငန်း မူဆယ်ခရိုင် ရုံးသစ်ဖွင့်လှစ်

ရန်ကုန် မတ် ၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း မူဆယ်ခရိုင်ရုံး အဆောက်အအုံသစ် ဖွင့်လှစ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉ နာရီတွင် မူဆယ်မြို့၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာ့အာမခံလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်ရုံး အဆောက်အအုံသစ်ကို မြန်မာ့အာမခံ လုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး သိန်းလွင်နှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်မြန်မာ့အာမခံရုံးသစ် ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၄-၃-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှာဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၂၅** ၅။ မြန်မာသံစဉ်ချိုနှာဝင်
- **၄:၃၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၅၅** ၇။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** Demand (စီးပွားရေး၊စီးပွားစီမံ၊အိမ်တွင်းစီးပွား၊ ပြည်သူ့ရေးရာ)
- **၅:၃၀** ၉။ တိုင်းကျိုးပြည်ပြုဒို့ရှေ့ရှု
- **၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "တစ်ရေးချစ်ခွင့်" (အပိုင်း-၁၄)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၀။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၂၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး" (အပိုင်း-၃၃)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

အောင်ဓမ္မရိပ်သာ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၃

ကျေးဇူးရှင် အောင်မင်္ဂလာ ဆရာတော်ကြီးနှင့် အောင်ဓမ္မ ဆရာတော် နှစ်ပါးတို့၏ (၂၄)ကြိမ်မြောက် နှစ်ပတ်လည်ပူဇော်ပွဲကို ၁၃၆၅ခုနှစ် တပေါင်းလပြည့်ကျော် ၂ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ တပည့် ဒါယကာ၊ ဒါယိကာမများ ပူဇော်နိုင်ကြောင်း သိရသည်။

(က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

လမ်းညွှန်မှာကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပုလောမြို့ကမ်းရိုးတန်းရတနာခန်းမ၌ ပုလောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ပုလောတပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံလမ်းညွှန်မှာကြားစဉ်။

(သတင်းစဉ်)

ကျောဖုံးမှ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရပ်ရွာဒေသ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသဖူလုံရေးနှင့် စီးပွားဖွံ့ဖြိုးရေး၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ရေး၊ နယ်မြေဒေသအလိုက် လုံခြုံခိုင်မာရေးတို့ကို ကွက်ပြည့်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် ရှင်းလင်းမှာကြား လမ်းညွှန်သည်။ ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ပလောက်မြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံနှုတ်ဆက်ပြီး ပလောက်မြို့မှ ထားဝယ်မြို့သို့ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရောက်ရှိကြသည်။

ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မတ် ၁ရက် နံနက် ၈နာရီခွဲတွင် ထားဝယ်မြို့ ကျက်သရေဆောင် လောကမာရဇိန်ဘုရားကြီး၌ ထားဝယ်မြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြသည်။ ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထားဝယ်မြို့ ဇေယျဝတီကျောင်းတိုက် ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ အရိန္ဒမအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) တို့က ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မြို့နယ် သံဃနာယက အဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသာဂရထံမှ ရေစက်ချတရားနာယူ၍ လှူဒါန်းမှု အစုစုတို့အတွက်ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား ထားဝယ်လေဆိပ်တွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ထားဝယ်တပ်နယ်မှ ဗိုလ်မှူးကြီးကျော်အောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ အဖွဲ့ဝင်များ၊ ဆရာ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပလောက်တပ်နယ်ခန်းမ၌ ဌာနအသီးသီးမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပလောက်တပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံလမ်းညွှန်မှာကြားစဉ်။

(သတင်းစဉ်)

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထားဝယ်မြို့ ရွှေတောင်စားစေတီ ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းနိုင်ရေးအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းပြီး မှတ်တမ်းလက်မှတ်ရေးထိုးသည်။

ထားဝယ်မြို့တော်ခန်းမ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် နံနက် ၉နာရီတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ထားဝယ်ခရိုင်နှင့် ထားဝယ်၊ သရက်ချောင်း၊ ရေဖြူနှင့် လောင်းလုံးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညိုက ထားဝယ်ခရိုင်၌ စပါးသီးနှံအပါအဝင် အဓိက သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်မှု၊ ဒေသဆန်ဖူလုံမှု၊ ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်း စိုက်ပျိုးမှု၊ ခရိုင်၏ သစ်တော၊ သတ္တု၊ လျှပ်စစ်ကဏ္ဍများအလိုက် ကုန်ထုတ်လုပ်မှု၊ ကျေးလက်ဖွံ့ဖြိုးရေးနှင့်နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုကိစ္စများ၊ စီမံကိန်းရည်မှန်းချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်နိုင်ရေးအတွက် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✧



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပုလောမြို့ ကမ်းရိုးတန်းရတနာခန်းမ၌ ပုလောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ပုလောတပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံလမ်းညွှန်မှာကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

✧ စာမျက်နှာ ၇ မှ

ကြိုးပမ်းအကောင်အထည်ဖော်နိုင်မှု အခြေအနေများ၊ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် အရှိန်အဟုန်မပျက် လက်တွဲညီညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် ထားဝယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ အလေးထားဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံအဆောက်အအုံများ ပြည့်စုံမှုရှိရန် အရေးကြီးကြောင်း၊ တနင်္သာရီတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးဒေသများဖြစ်သည့် ထားဝယ်နှင့် မြိတ်တို့၌ လိုအပ်သော ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် အခြေခံအဆောက်အအုံများကို နိုင်ငံတော်က ဖြည့်ဆည်းပေးထားပြီးဖြစ်ကြောင်း။

ပြည်ထောင်စုလမ်းမကြီး

ကားလမ်းဆိုလျှင် မြန်မာနိုင်ငံ၏ တောင်ဘက်အစွန်ဆုံး ကော့သောင်းမြို့ထိ သွားနိုင်သည့် ရေး–ထားဝယ်–မြိတ်–ကော့သောင်း ပြည်ထောင်စုလမ်းမ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ထားဝယ်တက္ကသိုလ်တွင် ထားဝယ်ပညာရေးကောလိပ် ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ကြီးကို ဖောက်လုပ်ထားပြီး လိုအပ်သော မြစ်ကူး၊ ချောင်းကူး တံတားအားလုံးကိုလည်း တည်ဆောက်ထားပြီးဖြစ်ကြောင်း။

ရေး–ထားဝယ် ရထားလမ်းဖြင့် မော်လမြိုင်မှ ထားဝယ်သို့ နေ့ချင်းပေါက် သွားလာနိုင်ပြီး အဆင့်မြင့် ပြုပြင်ဆောင်ရွက်နေသည့် လမ်းပိုင်းပြီးစီးသွားပါက ယခုထက် အချိန်တိုတောင်းစွာ မြန်မြန်ဆန်ဆန် သွားနိုင်တော့မှာဖြစ်ကြောင်း။

တည်ဆောက်လျက်ရှိသည့် သံလွင်မြစ်ကူး သံလွင်တံတား(မော်လမြိုင်) ပြီးစီးပါက ရန်ကုန်မြို့နှင့်ပါ တိုက်ရိုက်မြန်ဆန်စွာ ဆက်သွယ်သွားလာနိုင်ပြီး ဤဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုမှာ ပိုမိုအရှိန်အဟုန်ရရှိလာမှာဖြစ်ကြောင်း။

ခွဲခြားမှုမရှိ

နိုင်ငံတော်အနေဖြင့် ဖြူသည်မည်းသည်၊ နီးသည် ဝေးသည် ခွဲခြားမှုမရှိဘဲ၊ ပြည်ထောင်စုတိုင်းရင်းသားများအားလုံး တတ်နိုင်သမျှ ဆူကြိုးနိမ့်မြင့် ကွာဟမှုလျော့နည်းပြီး တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အစွမ်းကုန်ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရေဖြူမြို့နယ် ဟိန်းဇဲတပ်နယ်ခန်းမတွင် ဟိန်းဇဲတပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံလမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းပေးရမည်တို့ကို တာဝန်ကျေကျေ ပံ့ပိုးဖြည့်ဆည်းပေးပြီးဖြစ်ရာ ထားဝယ်ဒေသအပိုင်းကလည်း ကုန်ထုတ်လုပ်မှုမြင့်မားလာအောင်၊ ဒေသဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းအားထုတ်ကြရန် လိုအပ်ကြောင်း။

အားကြိုးမာန်တက်

ဒေသတွင်းရှိ သဘာဝသယံဇာတ အရင်းအမြစ်များကို လူ့လုပ်အားဖြင့် တန်ဖိုးတက်လာအောင် ကြိုးပမ်းရင်း ထိထိရောက်ရောက် အားကြိုးမာန်တက် အလုပ်လုပ်သွားမှသာလျှင် ဖွံ့ဖြိုးတိုးတက်မှု ခိုင်မာမည်ဖြစ်ကြောင်းဖြင့် မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား လိုက်လံနှုတ်ဆက်သည်။

မောင်းမကန်ကမ်းခြေ

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် လောင်းလုံးမြို့နယ် မောင်းမကန်ကမ်းခြေသို့ ရောက်ရှိကြသည်။

နိုင်ငံတော်သစ် တည်ဆောက်ရာတွင် အဆင့်မြင့်ပညာ...
အရည်အသွေးမြင့်မားသော လူ့အရင်းအမြစ်များ ...

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ကမ်းခြေရှိ ရှင်းလင်းဆောင်၌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက မောင်းမကန်ကမ်းခြေသည် သာယာလှပသည့် ကမ်းခြေတစ်ခုဖြစ်ပြီး ကမ်းခြေမှာ ရှစ်မိုင်ခန့် ရှည်လျားပါကြောင်း၊ မောင်းမကန်ကမ်းခြေကို ငပလီ၊ ငွေဆောင်၊ ကမ်းသာယာကမ်းခြေများကဲ့သို့ ဖွံ့ဖြိုးစည်ပင်လာအောင် ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက မောင်းမကန်ကမ်းခြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန် ပြင်ဆင်ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စီမံကိန်းရေးဆွဲဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မောင်းမကန်ကမ်းခြေ ဖွံ့ဖြိုးစည်ပင်သာယာလှပရေးလုပ်ငန်းကို ပင်မစီမံကိန်း

(Master Plan) ...
ဆောင်ရွက်သွားကြရ...
လမ်းပန်းဆက်သွယ်...
မောင်းမကန်ကမ်းခြေ...
မှာကြားသည်။

ထို့နောက် ဗိုလ်...
ကမ်းခြေ၏ အခြေအ...

ယင်းနောက် ဗို...
များဖြင့် ထားဝယ်တ...
ကောလိပ်များမှ ကေ...
များနှင့် တွေ့ဆုံသ...

ရှေးဦးစွာ ဗို...
တက္ကသိုလ် ဒုတိယ...

ကောလိပ်ကျောင်းအု...
ကောလိပ် ကျောင်းအ...
ကောလိပ်တာဝန်ခံ...
ကောလိပ်များအလို...
သင်တန်းများ၊ အထု...
ထားမှုများ၊ ကျောင်း...
ဆရာမအင်အား အ...

ရှင်းလင်းတင်...
နိုင်ငံတော်သစ် တ...

**နိုင်ငံတော် အေ...
သူရရွှေမန်း ထားဝ...
တပ်ရင်းတပ်ဖွဲ့များ...
နှုတ်ဆက်မှာကြား...**

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

(Master Plan) တစ်ရပ်ရေးဆွဲ၍ ကော်မတီဖွဲ့စည်းကာ တင်ပြညှိနှိုင်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ ရေရှည်တွင် ဤဒေသသို့ လာရောက်သည့် လမ်းပန်းဆက်သွယ်မှု အခြေအနေများ ပိုမိုတိုးတက်ကောင်းမွန်လာမှာဖြစ်၍ မောင်းမကန်ကမ်းခြေသည်လည်း စည်ကားလာမှာဖြစ်ကြောင်း လမ်းညွှန်မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မောင်းမကန်ကမ်းခြေ၏အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ထားဝယ်တက္ကသိုလ်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထားဝယ်တက္ကသိုလ်သို့ ရောက်ရှိကြပြီး ထားဝယ်မြို့ရှိ တက္ကသိုလ်၊ ကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခများ၊ ကထိကများ၊ နည်းပြများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ထားဝယ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးကျော်ကျော်ဌေး၊ ထားဝယ်ပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဦးမဲအောင်၊ ထားဝယ်မြို့ အစိုးရနည်းပညာကောလိပ် ကျောင်းအုပ်ကြီး ဒေါ်ကြေးရီနှင့် ထားဝယ်မြို့ အစိုးရကွန်ပျူတာကောလိပ်တာဝန်ခံ ကျောင်းအုပ် ဒေါ်မြင့်မြင့်မော်တို့က တက္ကသိုလ်နှင့် ကောလိပ်များအလိုက် တည်နေရာ၊ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် သင်တန်းများ၊ အထူးပြုဘာသာရပ်များ၊ သင်ထောက်ကူပစ္စည်း ဖြည့်ဆည်းထားမှုများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်သင်ကြားမှုနှင့် ဆရာ၊ ဆရာမအင်အား အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

လူ့အရင်းအမြစ်များမွေးထုတ်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်သစ် တည်ဆောက်ရာတွင် အဆင့်မြင့် အသိပညာရှင်၊ အတတ်ပညာရှင် လူ့အရင်းအမြစ် ပြည့်စုံစွာရှိရန်လိုအပ်ပုံ၊ အမျိုးသား ပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း ချမှတ်၍ လိုအပ်သော အခြေခံများ ထူထောင်ခဲ့ရပုံ၊ ဆက်လက်ပြီး အရည်အသွေးမြင့်မားသော လူ့အရင်းအမြစ်များ (Highly Qualified Human Resources) မွေးထုတ်နိုင်အောင် ကြိုးပမ်းကြရန် လိုအပ်ပုံတို့ကို လမ်းညွှန်မှာကြားပြီး ထားဝယ်တက္ကသိုလ် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ထားဝယ်တက္ကသိုလ်ရှိ အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ထားဝယ်တက္ကသိုလ်တွင် ထားဝယ်ပညာရေးကောလိပ် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြစဉ်။ (သတင်းစဉ်)

...ဆင့်မြင့်ပညာရှင် ပြည့်စုံစွာရှိရန်လိုအပ် ...အမြစ်များ မွေးထုတ်နိုင်အောင် ကြိုးပမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ထားဝယ်မြို့ ဒေသခံတပ်ရင်းတွင် ထားဝယ်တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံနှုတ်ဆက်မှာကြားစဉ်။ (သတင်းစဉ်)

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ထားဝယ်ပညာရေးကောလိပ်နှင့် အစိုးရ ကွန်ပျူတာကောလိပ်တို့သို့ ဝင်ရောက်ပြီး စောင့်ကြိုနှုတ်ဆက်ကြသည့် ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ၊ ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဟိန်းဇေတပ်နယ်

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မတ် ၂ရက် နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ထားဝယ်မြို့မှ ရေဖြူမြို့နယ် ဟိန်းဇေတပ်နယ်သို့ ရောက်ရှိပြီး တပ်နယ်ခန်းမ၌ ဟိန်းဇေတပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင်ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ပဏာမ အမှာစကားပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို မှာကြားပြီး တပ်မတော်သားများနှင့် မိသားစုဝင်များအား နှုတ်ဆက်အားပေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရေဖြူ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရေဖြူမြို့နယ် ဟိန်းဇေတပ်နယ်ခန်းမတွင် ဟိန်းဇေတပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

မြို့နယ် ဟိန်းဇေတပ်နယ်မှတစ်ဆင့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့သို့ ဆက်လက်ထွက်ခွာပြီး ယနေ့ညနေပိုင်းတွင် မွန်ပြည်နယ်မှတစ်ဆင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

တနင်္သာရီတိုင်း ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် မတ် ၁ရက် နံနက်ပိုင်းတွင် ထားဝယ်မြို့ ဒေသခံတပ်ရင်း အောင်ဆန်းခန်းမ၌ ထားဝယ်တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံနှုတ်ဆက်မှာကြားသည်။

အလားတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဖေဖော်ဝါရီ ၂၅ရက် ညနေပိုင်းတွင် ကော့သောင်းမြို့ရှိ ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့ သွားရောက်ပြီး နံရံကပ်စာစောင် ပြသထားမှု၊ ခရိုင်ရုံး အဆောက်အအုံနှင့် ပညာ့အလင်း ခေတ်မီစာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ကိုယ့်အားကိုယ်ကိုး ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရုပ်မြင်သံကြားအစီအစဉ်များကို အချိန်မှန် ပုံမှန်ပြသနိုင်အောင် ဆောင်ရွက်ရေး မှာကြားသည်။

ဝန်ကြီးသည် ဖေဖော်ဝါရီ ၂၆ရက် ညနေပိုင်းတွင် ဘုတ်ပြင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဖေဖော်ဝါရီ ၂၇ရက် ညနေပိုင်းတွင် မြိတ်မြို့ ကိုယ်ပွားသတင်းစာတိုက် တည်ဆောက်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးသက်စိုးနှင့် တာဝန်ရှိသူများက လုပ်ငန်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ပုံနှိပ်စက်ရုံ

ထို့နောက် ဝန်ကြီးသည် ပုံနှိပ်စက်ရုံအဆောက်အအုံ၊ သိုလှောင်ရုံ၊ မီးစက်ခန်းနှင့် ရေသိုလှောင်ကန်၊ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကိုလည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မြိတ်မြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာ... ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ... တပ်မတော်ကာကွယ်ရေးဦးစီး... ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထား... မြို့ ကျက်သရေဆောင် လေ... မာရဇိန်ဘုရားကြီး၌ ထားဝ... ပေါ်ရှိ ကျောင်းတိုက်များမှ ဆ... တော်ကြီးများအား ဖူးမြော်ကြ... ပြီး လှူဖွယ်ပစ္စည်းများ ဆက်... လှူဒါန်းစဉ်။ (သတင်း...

အားကစားဆိုင်... သတင်းစာရှင်းလင်းပွဲ ကျ...

ရန်ကုန် မတ် ၃

အားကစားဆိုင်ရာ သတ... ရှင်းလင်းပွဲကို ယနေ့နံနက် ၁... တွင် ရန်ကုန်မြို့ အောင်... အားကစားပြိုင်ဝင်း အစည်း... ခန်းမ(၁)၌ ကျင်းပရာ မြန်မာ... အိုလံပစ်ကော်မတီ အဝေ... အတွင်းရေးမှူး၊ အားကစားနှင့် ... ပညာဦးစီးဌာန ညွှန်ကြားရေးမှူး... ဦးသောင်းထိုက်နှင့် တာဝန်ရှိသူ... စာနယ်ဇင်းများမှ တာဝန်ရှိသ... တက်ရောက်ကြသည်။

ရှေးဦးစွာ အားကစားနှင့် ... ပညာဦးစီးဌာန ညွှန်ကြားရေးမှူး... ဦးသောင်းထိုက်က ၂၀၀... ဖိလစ်ပိုင်နိုင်ငံတွင် ကျင်း... အရှေ့တောင်အာရှ အားကစား... ၂၀၀၄ခုနှစ် ဩဂုတ်လအတွင်း ... မည့် အေသင်အိုလံပစ် အား... ပြိုင်ပွဲနှင့် ပတ်သက်၍လည်းကေ... ကြိုတင်ပြင်ဆင် စီစဉ်ဆောင်ရွ... မှုများနှင့် ပတ်သက်၍လည်းကေ... မြန်မာအားကစား တိုးတက်မြ... ရေးအတွက် အားကစားကွင်း၊... ကစားရုံများ ဆောက်လုပ်ပြ... မွမ်းမံနေမှုများနှင့် ပတ်သ... လည်းကောင်း ရှင်းလင်းပြော... သည်။

ဆက်လက်၍ လူထုအားကစ... ပညာပေးဌာနခွဲ ညွှန်ကြား... ဦးဉာဏ်ထွန်းက လူထုအား... လှုပ်ရှားမှုများတွင် တစ်နှစ်... တစ်နှစ် ပြည်သူလူထု ပိုမိုတ... စွာ ပါဝင်လာရန် ဆောင်ရွက်... များနှင့် နွေရာသီအားကစားသင်... များ ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွ... မှုများကိုလည်းကောင်း၊ စာနယ်... များကလည်း တက်တက်... ပါဝင်လာရေး ဝိုင်းဝန်းလှုံ့ဆေ... ကြပါရန် ဆွေးနွေးတင်ပြပြီး ... ကစားကွင်း အားကစားရုံ ညွှန်... ရေးမှူး ဦးဇော်လင်းက ရန်ကုန်မြ... ရှိ အားကစားကွင်း ၁၁ ... အနက် ခြောက်ကွင်းကို အ... ဆောက်လုပ်လျက်ရှိပြီး ကွင်းငါ... ကို အဆင့်မြှင့် ပြင်ဆင်ဆော... နေမှုများကို ရှင်းလင်းပြော... သည်။ (သတင်...

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ပူဇော်ကန်တော့မည်

ရန်ကုန် မတ် ၃

ဘွဲ့တံဆိပ်တော်ရ ဆရာတော်လေးပါးနှင့် သီလရှင်ဆရာကြီးတစ်ပါးတို့အား ပူဇော်ကန်တော့ပွဲနှင့် တောင်ငူအသင်း(ထန်းတပင်၊အုတ်တွင်းအပါအဝင်)နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို မတ် ၇ရက် နံနက် ၉နာရီတွင် ရွှေတိဂုံဘုရားအရှေ့မုခ်၊ ကြားတောရလမ်း ဇေယျာအောင်မြေကျောင်း၌ ကျင်းပမည်ဖြစ်ရာ နယ်သူ၊ နယ်သားများအားလုံး တက်ရောက်ရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

သားငါးဖွံ့ဖြိုး ပြည်အကျိုး

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင် ဘက်စုံအဆင့်မြင့် တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင် ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများစစ်ဆေး

ရန်ကုန် မတ် ၃

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် ကန်တော်ကြီး ဥယျာဉ်ပတ်ဝန်းကျင် ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ Central Symbol Zone ရှိ Water Plazaတည်ဆောက်ရေးလုပ်ငန်း ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့် တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့် တည်ဆောက်ရေး လုပ်ငန်းကော်မတီဝင်များနှင့် ဌာနဆိုင်ရာတာဝန်သူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့် တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန် ကန်တော်ကြီးဥယျာဉ် Recreation Zone၊ Education Zone နှင့် Central Symbol Zone များ၌ အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သက်ဆိုင်ရာတာဝန်ရှိသူများက မိမိတို့ လုပ်ငန်းကော်မတီအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်နေမှုလုပ်ငန်းတို့ကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လုပ်ငန်းဆိုင်ရာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တာဝန်ရှိသူအားလုံးက မိမိတို့၏အတတ်ပညာနှင့် အတွေ့အကြုံများပေါင်းစပ်ကာ ပြည်သူများ စိတ်လက်ချမ်းသာစွာ အပန်းဖြေအနားယူနိုင်မည့် အရှည်တည်တံ့ လှပခံ့ညားသည့် အဆင့်မြင့်ဥယျာဉ်ကြီး ပြုပြင်တည်ဆောက်မှုလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားကြရန် မှာကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကန်တော်ကြီးဥယျာဉ် Central Symbol Zone ရှိ Water Plaza တည်ဆောက်ပြီးစီးမှုလုပ်ငန်း၊ Recreation Zone ရှိ Barbecue Garden အဆင့်မြင့် စားသောက်ဆိုင် တည်ဆောက်ရေးလုပ်ငန်း၊ Education Zone ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ဆောင်ရွက်လျက်ရှိသည့် ခေတ်မီငါးပြတိုက် တည်ဆောက်ရေးလုပ်ငန်း၊ ဒူးရင်း၊ မင်းဂွတ်၊ ကြက်မောက်၊ နာနတ်၊ သဘော်သီး စသည့် သီးနှံ ၃၇ မျိုး စိုက်ပျိုးပြသမည့် သစ်သီး ဥယျာဉ်နှင့် မျိုးပွားခြင်းပြကွက်၊ ဟင်းသီးဟင်းရွက် စိုက်ခင်းပြကွက်၊ ဟင်းခတ်အမွှေးအကြိုင်နှင့် ပရဆေး ပြကွက်၊ သစ်ခွအရောင်းဆိုင်နှင့် သစ်ခွပန်းစိုက်ခင်းပြကွက်၊ ဓာတုဆေးလွတ် စိုက်ခင်းပြကွက်၊ အာဟာရရည်ဖြင့် ဟင်းသီးဟင်းရွက် စိုက်ခင်းပြကွက်နှင့် ပန်းမန်ပြကွက်တို့ကိုလည်းကောင်း၊ သစ်ပင်ပျိုးပင် အရောင်းဆိုင်များ၊ စိုက်ပျိုးရေးသုံး ပစ္စည်းအရောင်းဆိုင်များ တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း၊ ကန်တော်ကြီးဥယျာဉ် သန့်ရှင်းရေးအတွက် ဆောင်ရွက်ထားမှုလုပ်ငန်း များကိုလည်းကောင်း လှည့်လည်ကြည့်ရှုရာ မြို့တော်ဝန်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။

မှာကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားပြီး နံနက်ပိုင်းတွင် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင် ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းခွင်မှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲဆုရရှိသူများ အမည်စာရင်း ထုတ်ပြန်

ရန်ကုန် မတ် ၃

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကဗျာနှင့်အနုပညာပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသော ကဗျာပြိုင်ပွဲများမှဆုရရှိသူများ အမည်စာရင်းကို သက်ဆိုင်ရာက ယနေ့ ထုတ်ပြန်သည်။

အဆင့်(၁)

အဆင့်(၁) ကဗျာတိုပြိုင်ပွဲတွင် ဘုံတောင်မြေ နေဦးခက်၏ "သမိုင်းစံယူ သရဖူဆောင်း အတိတ်ပစ္စုပ္ပန် အနာဂတ်သူရဲကောင်း" က ပထမ၊ အဖျောက်မြေ မောင်ဆွေမွန်၏ "ပင်မြင့်စံပန်းတစ်ခက် နန်းထက်မှာ လန်းလျက်ပါ"က ဒုတိယ၊ စွမ်းဝေ(ဇီးကုန်း)၏ "ပန်းစုပွင့်ကြ ပန်းဂုဏ်ဝင့်ပ တင့်လှခိုင်သန် ရွှေနိုင်ငံ"က တတိယ၊ ချစ်ဒေါင်းနွယ်၏ "ပြည်သစ်လမ်းနှင့် ပန်းမြိုင်လယ်"က အထူးဆု(၁)၊ မောင်စိုးမြတ်(ချောင်းဦး)၏ "ပုဂံအလင်း အောင်လံနှင်း"က အထူးဆု(၂)နှင့် မောင်ဘုန်းဝေ(တောင်ကုတ်)၏ "ကမ္ဘာဇမ္ဗူမြန်မာလူ"က အထူးဆု(၃)တို့ အသီးသီးရရှိကြသည်။

အဆင့်(၁) ကဗျာရှည်ပြိုင်ပွဲတွင် မောင်သင်းပျံ့(ကျိုက်ထော်)၏ "ရွှေနိုင်ငံသစ် အုတ်မြစ်များ"က ပထမ၊ မောင်ဝမ်းထွန်း(စလေ)၏ "သွေးကသစ္စာ မေတ္တာပန်းခင်း လင်းစအရုဏ် "က ဒုတိယ၊ စွမ်းဝေ(ဇီးကုန်း)၏ "ရွှေမြအလား နေလဖွားမြင် တောက်ကြွားရင်နှစ် ငွေကြယ်စင်"က တတိယ၊ ရွှေညာသား မြတ်မင်း၏ "မော်ကွန်းသစ်တည် ပန်းရွှေပြည်"က အထူးဆု(၁)နှင့် မင်းသွေးနွယ်(ဇီးကုန်း)၏ "သမိုင်းဆင့်ထပ် ပြည့်သားမြတ် အနာဂတ်ရွှေပြည် မော်ကွန်းတည်"က အထူးဆု(၂)တို့ အသီးသီးရရှိကြသည်။

အဆင့်(၂) ကဗျာရှည်ပြိုင်ပွဲတွင် မျိုးခိုင်(မူဆယ်)၏ "ဖွံ့ဖြိုးဝေစည် မြန်မာပြည် ခေတ်မီတပ်မတော်"က ပထမ၊ မျိုးစစ်သည်၏ "တိုးတက်ခေတ်မီ နိုင်ငံပြည် ဦးတည်မျှော်မှန်း အနာဂတ်လမ်း"က ဒုတိယ၊ ဟိန်းထက်စိုး၏ "မြင့်မြတ်နှလုံးသားပိုင်ရှင်များ"က တတိယ၊ တက္ကသိုလ်နွယ်သဇင်၏ "မြန်မာဟော့နော် တပ်မတော်ဟု ကြွေးကြော်မည်ဟည်းအောင်စည်တီး"က အထူးဆု(၁)၊ ရွှင်လန်း၏ "တို့ပိုင်တဲ့မြေ ရတနာမွေနှစ်"က အထူးဆု(၂)၊ ဖေသိန်းမြင့်၏ "ပြည်ထောင်စုသား ညီညွတ်အားနှင့် နိုးကြားထွန်းပေါ် တပ်မတော်"က အထူးဆု (၃)၊ သာခုမြေဘုန်းရှိန်၏ "တျာနီသော မြန်မာပြည်စာမျက်နှာ"က အထူးဆု(၄)နှင့် ကျော်ထင်အောင်(ဆင်မြီးဆွဲ)၏ "အတိုင်းမသိ တို့ရွှေပြည်၏ ဦးဆောင်ရှင်"က အထူးဆု(၅)တို့ အသီးသီးရရှိကြသည်။

အဆင့်(၂)

အဆင့်(၂) ကဗျာတိုပြိုင်ပွဲတွင် ခွန်သစ်အောင်(ရေး)၏ "ထုံရန့်အဆင်း ဂုဏ်ပျံ့သင်း သန့်ရှင်းဝင့်မော် တို့တပ်မတော်"က ပထမ၊ သူဇာနွယ်(ဖျာပုံ)၏ "ကြာရှည်ကမ္ဘာတည်စေသော်"က ဒုတိယ၊ ပုဏ္ဏဝတီ တင့်နှောင်း၏ "မြန်မာတို့ခေတ် မော်ကွန်းသစ်"က တတိယ၊ အောင်ကိန်း(စစ်ကိုင်း)၏ "ဂုဏ်ရည်ဖော်ညွှန်း မြတ်မော်ကွန်း"က အထူးဆု(၁)၊ ကောင်းညွန့်ဝေ(ရေစကြို)၏ "ရွှေမော်ကွန်းသစ် ရွှေတစ်ခေတ်ကို ဖွင့်လှစ်ပေးသော တပ်မတော်"က အထူးဆု(၂)၊ မေသက်နွယ်ဦး၏ "အလှဖန်တီး ခရီးအသစ် ရွှေခေတ်လမ်း"က အထူးဆု(၃) ၊ ထွန်းနိုင်၏ "မြင့်မြတ်ဂုဏ်ကျော် သမိုင်းထဲက မြန်မာ့တပ်မတော်"က အထူးဆု(၄) ၊ တက္ကသိုလ်ချောအိအိဇင်၏ "ရှိန်လွင်ဖျပ်ဖျပ် ဂုဏ်မြတ်ထွန်းကျော် တိမ်ယံဝင့်သည် ကြယ်ပွင့်တပ်မတော်"က အထူးဆု(၅)၊ ဖိုးသာအောင်(ဆားလင်းကြီး)၏ "မောင်မွေးမေ တေးဆိုကလို့ရယ် ကြိုပါ့မယ်လေး"က အထူးဆု(၆)၊ စိုးတင့်ထူး (မအူပင်)၏ "ရွှေသမိုင်းနှင့် ရွှေတိုင်းပြည်"က အထူးဆု(၇)နှင့်သဲမြညှာ၏ "မြန်မာ့ရွှေခေတ် တစ်ခန်းလှစ် ပြည်သစ်ဂုဏ်ဖော် တပ်မတော်"က အထူးဆု(၈)တို့ အသီးသီးရရှိကြသည်။

ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများအား ၂၀၀၄ခုနှစ် မတ်လ ၂၇ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည့် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုများချီးမြှင့်ကြမည်ဖြစ်ပြီး ကျန်ဆုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များတွင် (၅၉)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားများ၌ ဆုများချီးမြှင့်ကြမည်ဖြစ်ကြောင်းသိရသည်။

ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများသည် ကဗျာပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း) (မြင်းမူမောင်နိုင်မိုး) စာတည်းမှူးချုပ် နိုင်ငံ့ဂုဏ်ရည် စာပေတိုက် အမှတ်(၅၂၉-၅၃၁)ကုန်သည်လမ်း ရန်ကုန်မြို့သို့ မတ် ၂၂ရက်တွင် လူကိုယ်တိုင် လာရောက်သတင်းပို့ကြရမည်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပလျက်ရှိသည့် ပဥ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးတွင် နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များအား ဖူးမြော်ကန်တော့စဉ်။ (သတင်းစဉ်)

ပဥ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သွားရောက် ကြည်ညို

ရန်ကုန် မတ် ၃

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပလျက်ရှိသည့် ပဥ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးသို့ ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည်ညိုသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးသို့ ရောက်ရှိလာရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ်ဦးအုံမောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများက ကြိုဆိုကြသည်။

ဖူးမြော်ကန်တော့

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များအား ဖူးမြော်ကန်တော့ပြီး ပဥ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး တတိယနေ့ ဒုတိယပိုင်းအစီအစဉ်များ ကျင်းပနေသည်ကို ကြည်ညိုသည်။

လှည့်လည်စစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တပေါင်းလပြည့်နေ့တွင်ကျင်းပမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးအတွက် ကြိုတင်ပြင်ဆင်ထားရှိသည်များကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးအတွက် ကြိုတင်ပြင်ဆင်ထားရှိသည်များကိုကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၄-၃-၂၀၀၄ (ကြာသပတေးနေ့)

၁၃၆၅ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက် (အဖိတ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓမ္မာအေဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၅ ၆။ အကပဒေသာ
- ၈:၁၅ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၅ ၈။ ဂုံညင်းတန်းတံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)
- ၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၃၀ ၇။ **အလျော်အစား (ခင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ်) (ဒါရိုက်တာ-ကျော်ဇောလင်း)**
- ၅:၄၅ ၈။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅:၅၅ ၉။ မြန်မာစာမြန်မာစကား
- ၆:၁၀ ၁၀။ နိုင်ငံအဝန်း သစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်
- ၆:၂၀ ၁၁။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မိုးနတ်မယ် (အပိုင်း-၃)**
- ၇:၃၅ ၁၅။ တေးဂီတအစီအစဉ်
- ၇:၄၅ ၁၆။ ပညာပါရမီကုသိုလ်တော်နတ်လူသာဓုခေါ်
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **မြန်မာ့ဓလေ့ "တပေါင်းလဘွဲ့များ (စိန်ဗိုလ်တင့်စီစဉ်တင်ဆက်သည်)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

တစ်ချက်တည်းဖြင့် ကျင်းဝင်

ရန်ကုန် မတ် ၃

ဦးဝင်းဇော် (Total E&P Myanmar) သည် ကစားဖော်များ ဖြစ်ကြသော ဦးမြတ်ဇော်၊ ဦးမိုးဇော်၊ ဦးရဲဝင့်စိုးငွေးတို့နှင့် အတူ ယမန်နေ့က မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားကြရာ Maxfli No (1) Noodle ဘောလုံးကို Proels Iron-4 သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၅ ကိုက် အကွာအဝေးတွင်ရှိသော အမှတ်(၂) ကျင်းသို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(ကြေးမုံ)

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများကြေညာ

ရန်ကုန် မတ် ၃

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းအဖွဲ့သည် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို "ဖွံ့ဖြိုးသာယာပြည်မြန်မာ"နှင့် "ယဉ်ကျေးမှုအမွေ စောင့်ထိန်းလေ" ခေါင်းစဉ်များဖြင့် ဖိတ်ခေါ်ကျင်းပသည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများအား စိစစ်အကဲဖြတ်ခြင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ အကဲဖြတ်အဖွဲ့ဝင်များဖြစ်ကြသော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး ဦးကိုကိုထွေး၊ ဓာတ်ပုံပညာရှင်များဖြစ်ကြသော ဦးမြင့်ကြွယ်၊ ဦးထွန်းရွှေ၊ ဦးဖေခင်၊ ဦးလှကြွယ်၊ ဦးဖေမြင့်ဦး၊ ဦးလှအေးနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းမင်းတို့ တက်ရောက်၍ အကဲဖြတ်စိစစ် ရွေးချယ်ကြသည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် "ဖွံ့ဖြိုးသာယာ ပြည်မြန်မာ" ခေါင်းစဉ်ဖြင့် ဆုမရရှိသေးသူများအတန်း၌ ပထမ A.K. MOE(သတ္တဗေဒ)၊ဒုတိယစိန်ဝင်းထွေး၊ တတိယ အဏ်ထော်ဇာ(မော်လမြိုင်)နှင့်အထူးဆုများအဖြစ်ဦးသန်းဝေ(တောင်ကြီး)၊ A.K. MOE (သတ္တဗေဒ)၊ အောင်ကျော်ထွန်း (ပုသိမ်ကြီး)တို့ဖြစ်ကြပြီး ဆုရရှိပြီးသူများအတန်း၌ ပထမ စောသိန်းဝင်း (မြို့တော်သတင်း)၊ ဒုတိယညောင်ဦးဖိုးချို၊ တတိယရွှေအင်းသားခင်မောင်ဝင်းနှင့် အထူးဆုများအဖြစ် အောင်မင်းဦး (မီးရထား)၊ ညောင်ဦးဖိုးချို၊ စိုင်းခမ်းလင်း (Hawk Eyes)၊ အောင်မင်းဦး(မီးရထား)တို့ဖြစ်ကြသည်။

"ယဉ်ကျေးမှုအမွေစောင့်ထိန်းလေ"ခေါင်းစဉ်ဖြင့် ဆုမရရှိသေးသူများအတန်း၌ ပထမ ဦးလှမောင်(မြန်မာနိုင်ငံ ဓာတ်ပုံအသင်း)၊ ဒုတိယဦးသန်းအောင်(ပြန်/ဆက်)၊ တတိယကိုအောင်သန်း(ရော)နှင့် အထူးဆုရရှိကြသူများမှာ မြင့်နိုင်(ယမုန်နာ)၊ဦးသိန်းကြည်(ဇော်ရဲထွဋ်-တနင်္သာရီ)၊မောင်မောင်စိုး(သစ်တော)၊ ကျော်သာ(ဟိုက်ချင်း)တို့ဖြစ်ကြပြီး ဆုရရှိပြီးသူများအတန်း၌ ပထမညောင်ဦးဖိုးချိုတို့ဖြစ်ကြသည်။

ဆုရရှိကြသော ဓာတ်ပုံပညာရှင်များသည် ဆုရဓာတ်ပုံ၏ မူရင်းနဂတစ်ဖလင်ကို ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး၊ ဦးထွန်းမင်း ညွှန်ကြားရေးမှူး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ မတ် ၇ ရက်ရုံးချိန်အတွင်း နောက်ဆုံးထား၍ပေးပို့ကြရမည်ဖြစ်ပြီး ပြိုင်ပွဲအသီးသီးတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို ရန်ကုန်မြို့၌ကျင်းပမည့် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဆုချီးမြှင့်ပွဲအခမ်းအနား၌ ဆုများချီးမြှင့်မည်ဖြစ်သည်။ အထူးဆုရရှိသူများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များတွင် ကျင်းပမည့် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အခမ်းအနားများ၌ ဆုချီးမြှင့်မည်ဖြစ်သည်။

(သတင်းစဉ်)

ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန် မတ် ၃

ပြည်ထောင်စု မြန်မာနိုင်ငံတော် ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ဆက်လက်ကျင်းပပြီး ညနေပိုင်းတွင် အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ပဉ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး၏ တတိယနေ့ အစည်းအဝေး ကျင်းပစဉ်။

(သတင်းစဉ်)

အစည်းအဝေးသို့ နိုင်ငံတော်သြဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာလှဖေ၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုး၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းနှင့် ခရိုင်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

တင်မြှောက်တော်မူ

ရှေးဦးစွာ ပဉ္စမအကြိမ်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး တတိယနေ့၏ သြဝါဒါစရိယ ဆရာတော်ကြီးများအဖြစ် နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ ဖြစ်တော်မူကြသော မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ မာလာလင်္ကာရ၊ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာမင်းထင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရာဇိန္ဒသီရိ၊ ကယားပြည်နယ် လွိုင်ကော်မြို့ တောင်မော့သာသနာပြုကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ ဉာဏ၊ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် မြသိမ်းတန်ကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သောဘနနှင့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သံဝရတို့အား တင်မြှောက်တော်မူကြသည်။

အစည်းအဝေးတွင် သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ တနင်္သာရီတိုင်း ထားဝယ်မြို့ ဃောသိတာရာမတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသက ဆောင်ရွက်တော်မူ၍ အခမ်းအနားမှူးဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏာရာမ ဈေးကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သြဘာသာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏ အရေအတွက်ကိုဖတ်ကြားလျှောက်ထားကာ အစည်းအဝေး ထမြောက်ကြောင်းနှင့် ယနေ့ဖြန့်ဝေဆက်ကပ်ထားသော အစီအစဉ်တွင် ပါရှိသည့်အတိုင်း အစည်းအဝေးကို ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာလျှောက်ထားတော်မူသည်။

အတည်ပြုချက်ရယူ

အစီအစဉ်အရ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအပေါ် ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ပဲခူးတိုင်း ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ် ကျောင်းတိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုဏ္ဍလဇောတိက ပြန်လည်ရှင်းလင်းလျှောက်ထားတော်မူပြီး အစည်းအဝေး၏ အတည်ပြုချက်ရယူတော်မူကာ အစည်းအဝေးကို နံနက်ပိုင်းတွင် ခေတ္တရပ်နားသည်။

အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ၂၅ရာခိုင်နှုန်း အနားယူခြင်းကိစ္စ၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ လက်ရှိဥက္ကဋ္ဌ ဆရာတော်အား ထည့်သွင်းခြင်းမပြုဘဲ ရာသက်ပန်ဥက္ကဋ္ဌ ဆရာတော်အဖြစ် ထားရှိပေးတော်မူပါရန် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကလေးဝ တောရကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တ ဇာဂရာဘိဝံသက တင်သွင်းလျှောက်ထားတော်မူသည်။

ရှင်းလင်းလျှောက်ထား

ထို့နောက် သံဃာ့ အဖွဲ့အစည်း အဆင့်ဆင့် ၂၅ ရာခိုင်နှုန်းအနားယူခြင်း ဆိုင်ရာလုပ်ငန်းစီမံချက်အရ ဒုတိယအကြိမ်သုံးနှစ်သက်တမ်းတွင် အနားယူသွားကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များ၏ အမည်စာရင်းကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ပဲခူးတိုင်း၊ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ကုဏ္ဍလဇောတိက တင်သွင်းလျှောက်ထားပြီး လုပ်ငန်းစီမံချက် အခန်း(၄)အပိုဒ် (၁၁)၊ အပိုဒ်ခွဲ(၃)ကို အခမ်းအနားမှူး ဆရာတော်က ရှင်းလင်းလျှောက်ထားတော်မူသည်။

ဆက်လက်၍ အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၏ ဘွဲ့အမည်စာရင်းကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း မြင်းခြံမြို့ ဇေယျာလင်္ကာရ ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ ကိတ္တိက တင်သွင်းတော်မူပြီး သဘာပတိ ဆရာတော်က အစည်းအဝေး၏ အတည်ပြုချက်ရယူတော်မူသည်။

ထို့နောက် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၂၅ရာခိုင်နှုန်း အနားယူခြင်း ဆိုင်ရာ လုပ်ငန်းစီမံချက်အရ ပဉ္စမအကြိမ် ဒုတိယသုံးနှစ် သက်တမ်းတွင် အစားထိုးရွေးချယ်ခံရသည့် ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များ၏အမည်စာရင်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးကိုယ်စား အကျိုးတော်ဆောင် ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တ ကုမာရက ဖတ်ကြားတင်သွင်းတော်မူပြီး အစည်းအဝေးသဘာပတိ ဆရာတော်က အစည်းအဝေး၏ အတည်ပြုချက်ကို ရယူတော်မူသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကမကွေးဆရာတော် ဘဒ္ဒန္တ ကုမာရက ပဉ္စမအကြိမ် ဒုတိယသုံးနှစ် သက်တမ်းတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ဆရာတော်များနှင့် တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို ဖတ်ကြားတင်သွင်းတော်မူပြီး အစည်းအဝေး သဘာပတိဆရာတော်က အစည်းအဝေး၏အတည်ပြုချက်ကို ရယူတော်မူသည်။

ယင်းနောက် အစည်းအဝေး သဘာပတိဆရာတော်က နိုင်ငံတော်ဝိနိစ္ဆယ အဖွဲ့ဝင် ဆရာတော်များအား နိုင်ငံတော်ဝိနည်းဓိုရ်လက်မှတ်များကို တစ်ပါးချင်းဆက်ကပ်တော်မူသည်။

ဆက်လက်၍ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့စတုတ္ထအစည်းအဝေးတွင် ချမှတ်ခဲ့သည့် အစားထိုး ရွေးချယ်ခဲ့မှုများ၊ ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များနှင့် မှတ်တမ်းတင်ချက်များကို သာသနာ့သမိုင်းဝင် မှတ်တမ်းစာအုပ်ကြီး၌ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီး၁၅ ပါး၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်နှင့် ဂိုဏ်းအသီးသီး၊ ပြည်နယ်နှင့် တိုင်း အသီးသီးတို့မှကိုယ်စားလှယ်ဆရာတော် တစ်ပါးစီတို့က လက်မှတ်ရေးထိုးတော်မူကြသည်။

ထို့နောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ဥက္ကဋ္ဌ၊ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံဆရာတော် ဘဒ္ဒန္တ သောဘိတ၏ ပဉ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော နိဂမနသြဝါဒကထာကို အစည်းအဝေး သဘာပတိဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ တနင်္သာရီတိုင်း ထားဝယ်မြို့ ဃောသိတာရာမတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသက ဖတ်ကြားတော်မူသည်။

ယင်းနောက် အစည်းအဝေးသို့ ကြွရောက်တော်မူ လာကြသည့် နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များက "ဇယမင်္ဂလာဗောဓိယာမူလေ" အစရှိ နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီးနောက် "သာဓုသုံးကြိမ်" ခေါ်ဆိုကာ ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထ အစည်းအဝေး ညနေ ၃ နာရီခွဲတွင် အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

ပဉ္စမအကြိမ် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများနှင့် ဆရာတော်များ အား ယနေ့တွင် ဦးလှအေးနှင့် ကိုးပါးဆေးမိသားစု(အမှတ်-၁၇၇၊ ဝါးတန် လမ်း၊ လမ်းမတော်မြို့နယ်)က ဆွမ်းခဲဖွယ် ဘောဇဉ်များကို ဆက်ကပ်လှူဒါန်း ပြီး တိုင်းရင်းဆေးများဖြစ်သည့်ကိုးပါးဆေး၊ ကျားလေးကောင်လိမ်းဆေးနှင့် ဂဠုန်ရာဇာလိမ်းဆေးတို့ကို ဆရာတော် များ အားလောင်းလှူကြသည်။ (သတင်းစဉ်)

အလိုတော်ပြည့်ဆရာတော် ဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် မတ် ၃

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ အလိုတော်ပြည့် ဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲနှင့် ရသေ့တောင်မြို့နယ် အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေးကို မတ် ၉ရက်နံနက် ၈နာရီတွင် တာမွေမြို့နယ် တာမွေလေးရပ်ကွက် အောင်မြေဗောဓိ ဓမ္မရိပ်သာ အလိုတော်ပြည့် ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းလိုသူများနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရရှိသည့် အသင်းဝင်များ၏ သားသမီးများသည် ဒေါက်တာထွန်းဝေ ဖုန်း-၀၁-၅၇၀၁၆၅နှင့် ဦးစံလှမောင် ဖုန်း-၀၁-၅၄၁၅၃၅ တို့သို့ ဆက်သွယ် စာရင်းပေးနိုင်ကြောင်းသိရသည်။

(က-ပ)

ဇန်နဝါရီလအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၂၀၃မှုဖမ်းဆီးနိုင်ခဲ့

ရန်ကုန် မတ် ၃

၂၀၀၄ခုနှစ် ဇန်နဝါရီလအတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့မှ မူးယစ်ဆေးဝါး အမှုပေါင်း၂၀၃မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်းမှု ၃၀ အလေးချိန် ၅၆ ဒသမ ၂၉၉၉ ကီလို၊ ဘိန်းဖြူ ၇၃မှု အလေးချိန် ၂၅ ဒသမ ၁၃၁ ကီလို၊ ဘိန်းညိုတစ်မှု အလေးချိန် ဒသမ ၉၇၉ ကီလို၊ ဘိန်းဆီခြောက်မှု အလေးချိန် ၂ဒသမ ၇၆၂၇ ကီလို၊ အဆင့်နိမ့်ဘိန်းလေးမှု အလေးချိန် ၁ဒသမ၂၇၀၃ကီလို၊ ဆေးခြောက် ၁၇မှုအလေးချိန် ဒသမ ၈၄၆၃ ကီလို၊ ဖင်ဆီဒိုင်းတစ်မှု ပမာဏ ၃ ဒသမ ၇၅ လစ်တာ၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၆မှု ၃၄၃၆၉၆ပြား၊ အက်ဖီဒရင်း အလေးချိန် ဒသမ ၁ကီလို၊ စိတ်ကြွရူးသွပ်ဆေးမှုန့် အလေးချိန် ၅၉ကီလို၊ ဘိန်းစာမှုန့်ခြောက်မှု အလေးချိန် ၅ဒသမ၂၈၁ ကီလို၊ ဓာတုဆေးမှုန့် အလေးချိန် ၁ ဒသမ ၅ကီလို၊ မှတ်ပုံတင်ပျက်ရှစ်မှု၊ အခြားအမှု ၁၁မှု ဖမ်းဆီးရမိခဲ့သည်။

အရေးယူ

၂၀၀၄ခုနှစ် ဇန်နဝါရီလအတွင်းမူးယစ်ဆေးဝါးအမှုပေါင်း ၂၀၃မှု ဖမ်းဆီးခဲ့ရာတွင် တရားခံအမျိုးသား ၂၇၁ဦး၊တရားခံ အမျိုးသမီး၄၃ဦး စုစုပေါင်းတရားခံ ၃၁၄ဦးတို့အား ဥပဒေအရ အရေးယူခဲ့သည်။

(သတင်းစဉ်)

ခုနစ်ရက်သတင်းဂျာနယ် နှစ်နှစ်ပြည့်အထူးထုတ်ဖြန့်ချီ

ရန်ကုန် မတ် ၃

ခေတ်မီ ပြိုင်ကားမောင်းလိုသူများ မောင်းကြဖို့ပြင်၊ နိုင်ငံတကာ အဆင့်မီ ဂိုး-ကပ်ပြိုင်ပွဲကွင်း တည်ဆောက်လျက်ရှိ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အိန္ဒိယ ကုမ္ပဏီတို့ မြေပေါ်ဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းမှု စီမံကိန်းဆောင်ရွက်မည်၊ ဗေဒါရိုးပရိဘောဂပစ္စည်းများ ပြည်တွင်းပြည်ပ ဈေးကွက်ကိုဖောက်၊ အများသုံးတယ်လီဖုန်းရုံအားလုံးမှ နိုင်ငံတကာသို့ ဖုန်းခေါ်နိုင်တော့မည်၊အကုန်အကျ သက်သာစေသည့် ခြေနင်းရေတင်စက် ကျေးလက်တောင်သူများ မကြာမီ တွင်ကျယ်စွာအသုံးပြုနိုင်ဖွယ်ရှိ၊လေးဘီးကားများ ကုန်သယ်ကားငယ် အဖြစ် ပြေးဆွဲလာ၊ဈေးသည်နှင့် ကုန်သည်များ အကြိုက်တွေ့အသုံးပြုကြ စသည့် ပြည်တွင်းရေးရာ နိုင်ငံတကာရေးရာ သတင်းများဖြင့် e-Empire Media House ဖုန်း-၇၀၃၈၁၃က ဖြန့်ချိလိုက်ပြီဖြစ်သည်။

(က-ပ)

မတ် ၁ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထားဝယ်မြို့ ရွှေတောင်စားစေတီ ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းနိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်း–ရှေ့ဖုံး)

(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော် တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

ထပ်ဆင့်လွှင့်စက်ရုံ ကြည့်ရှုစစ်ဆေး

ဖေဖော်ဝါရီ ၂၇ရက်က ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း မြိတ်မြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း–ရှေ့ဖုံး)

(သတင်းစဉ်)

မြန်မာအစိုးရ၏ စဉ်ဆက်မပြတ် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကြိုးပမ်းမှုများကြောင့် ဘိန်းစိုက်ပျိုးမှုအခြေအနေ ၁၉၉၆ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် သုံးပုံနှစ်ပုံ ကျဆင်းလာ

၂၀၀၃ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာအစီရင်ခံစာနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကျင်းပ

ရန်ကုန် မတ် ၃

ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (International Narcotics Control Board - INCB) **၏ ၂၀၀၃ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာ အစီရင်ခံစာနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မလိခလမ်းရှိ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး** (United Nations Office on Drug and Crime-UNODC) **ညှို့ခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)

သတင်းစာရှင်းလင်းပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ညွှန်ကြားရေးမှူး (သတင်း) ဦးလှထွန်း၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယက ဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် အသင်းဝင် နိုင်ငံခြားသတင်းထောက်များ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး (UNODC) ဌာနေကိုယ်စားလှယ် Mr. Jean-Luc Lemahieu နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သိသိသာသာကျဆင်း

သတင်းစာရှင်းလင်းပွဲတွင်UNODC မှ ဌာနေကိုယ်စားလှယ် Mr. Jean-Luc Lemahieu က ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (INCB) ၏ ၂၀၀၃ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာ အစီရင်ခံစာကို ရှင်းလင်းတင်ပြရာတွင် ၂၀၀၃ခုနှစ်၌ အရှေ့နှင့် အရှေ့တောင်အာရှဒေသတို့၌ တရားမဝင် ဘိန်းစိုက်ပျိုးမှုဧရိယာ ဆက်လက်ကျဆင်းလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော် အစိုးရ၏ စဉ်ဆက်မပြတ်မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ကြိုးပမ်းမှုများကြောင့် ဘိန်းစိုက်ပျိုးမှုမှာ ၁၉၉၆ ခုနှစ် အခြေအနေနှင့် နှိုင်းယှဉ်လျှင် သုံးပုံနှစ်ပုံ ကျဆင်းလာပြီဖြစ်ကြောင်း၊ ထို့အတူ အင်ဖက်တမင်း စိတ်ကြွဆေးပြားများ ထုတ်လုပ်မှုနှင့် သယ်ဆောင်မှုတွင် ဖမ်းဆီးရမိမှုအနေဖြင့် မြန်မာနိုင်ငံသည် ၂၀၀၂ခုနှစ်၌ သိသိသာသာ ကျဆင်းသွားသည်ကို တွေ့ရကြောင်း။

၁၉၈၈ခုနှစ် မူးယစ်ဆေးဝါး ထိန်းချုပ်ရေး စာချုပ်နှင့် ၁၉၈၂ ခုနှစ် မူးယစ်ဆေးဝါးတားဆီးရေးစာချုပ်များတွင် မြန်မာနိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံတို့ ၂၀၀၃ ခုနှစ် ဇွန်လနှင့် ဩဂုတ်လတို့တွင် အဖွဲ့ဝင်နိုင်ငံများ အဖြစ် ပါဝင်လာခြင်းကို ကြိုဆိုပါကြောင်း။

လိုလားထောက်ခံ

မဲခေါင်မြစ်ဝှမ်းနိုင်ငံများဖြစ်ကြသည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့သည် ၁၉၉၃ ခုနှစ်တွင် မူးယစ်ဆေးဝါးနှိမ်နင်းရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြရန် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး အကောင်အထည်ဖော်ခဲ့ကြပြီး ၂၀၀၃ခုနှစ် စက်တင်ဘာလတွင် အဆိုပါ စာချွန်လွှာကို ဆက်လက် အကောင်အထည်ဖော်ရန် ထပ်မံ အတည်ပြုကြကာ နယ်စပ်ဖြတ်ကျော် မူးယစ်ဆေးဝါး သယ်ဆောင်မှု ပူးပေါင်းနှိမ်နင်းရေး၊ အင်ဖက်တမင်း ဆေးဝါးကိစ္စ၊ အကြောထဲ ဆေးသွင်းရာမှ HIVရောဂါပိုးကူးစက်မှုကာကွယ်ရေးကိစ္စများကို ပူးပေါင်းဆောင်ရွက်ကြရန် အတည်ပြုနိုင်မှုများကို ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖြစ် လိုလားထောက်ခံပါကြောင်း။

ထို့အပြင် မြန်မာနှင့်တရုတ် ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ ၂၀၀၃ ခုနှစ် ဧပြီလတွင် အဓိက မူးယစ်ဆေးဝါးထုတ်လုပ်မှု နှိမ်နင်းရေးလုပ်ငန်းအပေါ် အားရကျေနပ်ပါကြောင်း။

မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါး ဘိန်းစိုက်ပျိုးမှုမှာ ၂၀၀၂ ခုနှစ်က ဟက်တာ ၈၁၄၀၀ ရှိခဲ့ရာမှ ၂၀၀၃ ခုနှစ်တွင် ဟက်တာ ၆၂၂၀၀ သာရှိတော့ရာ ၂၄ ရာခိုင်နှုန်း သိသိသာသာ လျော့ကျသွားအောင် ဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း။

မိမိတို့ UNODC အနေဖြင့် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများကို နိုင်ငံတကာ၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိရာ အမေရိကန်ပြည်ထောင်စု၊ ဂျာမနီ၊ ဂျပန်နှင့် အီတလီနိုင်ငံများက ကူညီပံ့ပိုးလျက်ရှိကြောင်း၊ ကိုးကန့်ဒေသနှင့် 'ဝ'ဒေသ မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းတွင် စုစုပေါင်း အမေရိကန် ဒေါ်လာ ၂၆ သန်း ကုန်ကျရန်ရှိသည့် အနက် မိမိတို့အဖွဲ့အနေဖြင့် အမေရိကန်ဒေါ်လာ ခြောက်သန်းခန့် ရရှိနေကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းဝင် နိုင်ငံခြားသတင်းထောက်များနှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများက ၂၀၀၃ ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာအစီရင်ခံစာပါ အချက်အလက်များ၊ UNODC ၏ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းရပ်များအပေါ် သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ UNODC ဌာနေကိုယ်စားလှယ် Mr. Jean-Luc Lemahieu က ပြန်လည်ရှင်းလင်း ဖြေကြားပြီး သတင်းစာရှင်းလင်းပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်မြို့၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်ဦး
ဓမ္မဥဒေသျှောင်မြတ်ဘုန်းစေါင်ခါတ်ပေါင်းစုံ
ရွေထီးတော်တင် အလှူတော်မင်္ဂလာ အခမ်းအနားဖိတ်ကြားလွှာ

အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညာဒီပ ကျိုက်ထီးဆောင်းဆရာတော်ကြီးအား အမှူးထား၍ မင်္ဂလာဒုံဥယျာဉ်မြို့တော်စီမံကိန်းတွင်တည်ထားကိုးကွယ်တော်မူသော လေးဆူဓါတ်ပုံရွှေတိဂုံ ဆံတော်ရှင်ပုံတော်ပွား၊ မန္တလေးမဟာမြတ်မုနိပုံတော်ပွား၊ ကေလာသဆံတော်ရှင်ပုံတော်ပွား၊ ပုဂံရွှေစည်းခုံ ပုံတော်ပွား၊ ကျိုက်ထီးရိုးဆံတော်ရှင်ပုံတော်ပွား၊ ကျိုက်ထီးဆောင်းဆံတော်ရှင်ပုံတော်ပွား၊ ရှင်ဥပဂုတ္တ၊ ရှင်သီဝလိ၊ သဗ္ဗညုဒနှင့် တိခွန်တိုင် ကျောင်း ဇေတီတော် နှင့် အရံစေတီအပါအဝင်ထီးတော်ပေါင်း (၁၇၁)ဆူကို ရွှေထီးတော်တင် အလှူတော်မင်္ဂလာပွဲအား (၂၀၀၄ခုနှစ်၊မတ်လ(၅)ရက်၊ သောကြာနေ့ နံနက်(၈း၀၀)နာရီ) တွင် ထီးတော်တင်လှူပြီး(၂၀၀၄ခုနှစ်မတ်လ(၇)ရက်၊တနင်္ဂနွေနေ့) တွင်စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တင်လှူမည်ဖြစ်ပါ၍ကောင်းမှုတော်၌ သာဓု ခေါ်နိုင်ရန် ဖိတ်ကြားအပ်ပါသည်။

(၂၀၀၄ ခုနှစ်မတ်လ(၅ရ) ရက်နေ့တွင်) အငြိမ့်ပွဲဖြင့် ညပိုင်းတွင် ဧည့်ခံမည်ဖြစ်ပါသည်။

အလှူတော်မင်္ဂလာ နေ့ရက်	–	၂၀၀၄ခုနှစ်၊မတ်လ(၇)ရက်၊တနင်္ဂနွေနေ့
အလှူတော်မင်္ဂလာ အချိန်	–	နံနက် (၈း၀၀) နာရီ
အလှူတော်မင်္ဂလာ နေရာ	–	ဓမ္မဥဒေသျှောင်မြတ်ဘုန်းစေါင်ဓာတ်ပေါင်းစုံဘုရား (ရန်ကုန်မြို့ ၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်)

ထိမ်းမြားမင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးသိန်းရှိ–ဒေါ်ကျင်ထွေးတို့၏သားကြီး
မောင်မင်းလှိုင် B.E (Mechanical)
M.O.T First Class Part 'A', Second Engineer (F.G) နှင့်
ရန်ကုန်မြို့နေ ဦးသန်းဖေ(ဒုတိယဒါရိုက်တာ၊ လွှယ်ဟိန်းကုမ္ပဏီလီမိတက်)–
(ဒေါ်မြင့်မြင့်)တို့၏သမီးကြီး
ဒေါက်တာသီတာသန်း M.B.,B.S(Ygn), M.Med, Sc (Anatomy) Final Year
သရုပ်ပြ(ခန္ဓာဗေဒဌာန)၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်

တို့သည် ၁၂–၂–၂၀၀၄ရက်တွင် လက်ထပ်ပြီးစီးပါကြောင်းနှင့် ၂၉–၂–၂၀၀၄ရက်တွင် ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ရပ်ဝေးရပ်နီးမှ မင်္ဂလာလက်ဖွဲ့ချီးမြှင့်ကြသော မိတ်သင်္ဂဟများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မင်းလှိုင်–Dr. သီတာသန်း။

ကွက်လပ်ဖြည့်ပါ
ဆံပင်ရိုင်း၊ ဆံပင်ဖြန့်ဖေါက်ဆေး
★ ဆံပင်ကျွတ်ခြင်း၊ သိသာစွာသက်သာစေသည်။
★ မူလဆံပင်နှင့်ပေါင်းဖြန့် ပေါက်စေသည်။
★ သန်းနှင့်ဘောက်များ ကင်းဝေးစေသည်။

တိကြီး မွှန်အားဖြည့်ဆေး
★ မောဟန်းမွှန်နယ်မှုကိုပပျောက်စေသည်။
★ ကုန်ခန်းသည့်အားအင်များပြန်လည်ဖြည့်စေသည်။

ထူးသွယ် အဆီကျပိန်ဆေး
★ အဆီပို၊ အသားပိုများကိုချပေးပါသည်။
★ ဝမ်းမလျှော၊ ဝမ်းမျှော့ဘဲ ပိန်စေပါသည်။

ဝင်ရှင်းဖြန့်ချိရေး ။ အဖြူရောင်စကိုး၊ ဥဩလမ်းနှင့် အနော်ရထာလမ်းထောင့်၊ (နီလာခံပေါက်ဆိုင်အနီး)ရန်ကုန်မြို့။ ☎ ၂၉၄၇၁၃

POSITIONS VACANT
(Local Service Only)
(Salary In Local Currency)

1. **Receptionist** Experience Preferable	3	Nos
2. **House Keeping** Experience Preferable	F	3Nos / M 3Nos
3. **Maintenance** Experience Preferable	M	3Nos
4. **Bell Boy** Experience Preferabler	M	4Nos
5. **Helper for Kitchen** Experience Preferable	M	3Nos
6. **Security** Experience Preferable	M	5Nos
7. **Driver** Atleast 3years in driving	M	2Nos

Please apply in own writing C.V with a recent, photo, Labour registration card and relative documents during office hours not later than(10)days from the date of advertisment to; **No.12(A), Aungmingalar Compound/Street, Kyaukmyaung, Tamwe Township, Yangon.**

အမည်ပြောင်းခြင်း

ဦးအောင်ဆန်းမြင့်–ဒေါ်ခင်ဝင်းတို့၏သမီး ကျောင်းဝင်အမှတ်–၁၄၅/ ၉၅၂ အဋ္ဌမတန်း(A)၊ အထက(၅)၊ အင်းစိန်မှ မဆုမွန်ဖော်အား ယနေ့မှစ၍ မေမွန်ထွန်းဟု ပြောင်းလဲခေါ်ပါရန်။ မေမွန်ထွန်း။

KT ဦးတင့်လွင်

အင်္ဂလိပ်ဖြင့်သင်း တစ်ရက် စကားပြောသင်တန်းများ ၆–၃–၂၀၀၄နေ့၊ မနက် ၄း၁၀ ဆယ်လွှာ မူလတန်း၊ ၁၄/၃မြင်သာဘာ/ ဥတ္တရလမ်း၊ ဖုန်း–၅၇၇၇၅၆၊ ၂၈၇၇၅၆။

မွဲ့ရုံဌားမည်

ဘုရင့်နောင်၊ ရေတာမာလမ်း၊ ရေ၊ မီး၊ ဖုန်းပါ။
ဆက်သွယ်ရန်–၅၂၆၇၈၇ (မွဲ့စားမလို)။

Three Friends Co., Ltd.
44 A (1)၊ ကျိုက်တော်အိမ်ရာ၊
ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန အနောက်
မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်။
Ph : 01 - 201121, 294864,
09 - 80 - 34431

Engineering
- မျက်နှာကြက်အလှဆင်
- ပလာစတာကောနစ်အလှဆင်
-ဆောက်လုပ်ရေး (PAE, Suprevision)
- အိမ်ခန်း၊ ရုံးခန်း
အလှဆင်ခြင်းအမျိုးမျိုး

Trading
- စန်းယို မီးခံပြား
-ဂျပ်ဆင်ဘုတ်၊ ပလာစတာဘုတ်
- ဖိုင်ဘာတံခါး
- မျက်နှာကြက်သုံးပစ္စည်းများ
စျေးနှုန်းချိုသာစွာရရှိနိုင်ပါသည်။

Y.E.S. မှအင်္ဂလိပ်စကားပြော သင်တန်းများ
ကလေးများအတွက်အင်္ဂလိပ်စကားပြောသင်တန်း MAR-15
Basic Spoken English MAR - 1,6,15,20, 22,29
Pre-IntermeDiate English MAR - 15,20,22,29
SAT (I) & Academic Writing Course MAR - 2, 27
Vocabulary Enrichment Course MAR - 15
TOEFL, IELTS, SAT(II), GFC, Intermediate English
No.119, Y.W.C.A Building , Bogalayzay Street, Botataung TSP,
စုံစမ်းရန်ဖုန်း - 245821

ဆေးခြောက်ဖမ်းဆီးရမိမှု ပြစ်ဒဏ်ချမှတ်

ရန်ကုန် မတ် ၃

နယ်မြေခံထောက်လှမ်းရေးတပ်၊ ရန်ကုန်မူးယစ်အထူးအဖွဲ့နှင့် ပဲခူးမူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ခုနှစ် ဇူလိုင် ၂၈ရက်တွင် သတင်းအရ မြောက်ဥက္ကလာပမြို့ သဇင်လမ်း၌ မသင်္ကာဖွယ်တွေ့ရှိရသူ မောင်ငွေ၊ မျိုးမြင့်၊ မောင်ခင်နှင့် တင်ဝင်းတို့ထံမှ ဆေးခြောက် ၁ ဒသမ ၈၇၇၂ကီလို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ မြောက်ဥက္ကလာပမြို့ ခေမာသီ ၆ လမ်းနေ ဦးသန်း၏သား မောင်ငွေ၊ မြောက်ဥက္ကလာပမြို့ ဒေါနလမ်းနေ ဦးအုန်းဖေ၏သား မျိုးမြင့်၊ ပဲခူးတိုင်း အင်းတကော်မြို့နယ် ထုံးကြီးကျေးရွာနေ ဦးလှကျော်၏သား မောင်ခင်နှင့် တစ်ရွာတည်းနေ ဦးလှမောင်၏သား တင်ဝင်းတို့အား ဝေဘာဂီ ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် ၃/၂၀၀၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁အရ အမှုဖွင့်အရေးယူခဲ့သည်။

အမှုကို ဒုတိယခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားရုံးက ၂၀၀၄ခုနှစ် ဇန်နဝါရီ ၁၅ရက်တွင် တရားခံ မောင်ငွေ၊ မျိုးမြင့်နှင့်မောင်ခင်တို့အား မူးယစ်ဆေးဝါးသုံးစွဲမှု ပုဒ်မ ၁၅ အရ ထောင်ဒဏ် ၅ နှစ်၊ မူးယစ်ဆေးဝါးရောင်းချရန် အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)အရ ထောင်ဒဏ်နှစ် ၂၀စီ သီးခြားကျခံစေရန်နှင့် တရားခံတင်ဝင်းအား မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉ ကအရ ထောင်ဒဏ်နှစ် ၂၀ ကျခံစေရန် ပြစ်ဒဏ်အသီးသီး ချမှတ်ခဲ့သည်။ (သတင်းစဉ်)

ဟာသဂျာနယ် အတွဲ (၂) အမှတ်(၃၁)ထုတ်ဝေ

ရန်ကုန် မတ် ၃

ဆြာကြီးထိန်း၏ မျက်နှာဖုံး ကာတွန်းနှင့် ရွှေညာခိုင်စိုး၊ ကာတွန်းလွန်းမောင်(သုဝဏ္ဏ)တို့၏ ပီယဆေးကာတွန်းဇာတ်လမ်းအပါအဝင် ဆရာသာဂဒိုး၊ ဆရာပြည့်စုံ(သွေးသောက်)၊ မြေဇာ၊ ကာတွန်းမြင့်သိန်း၊ ကာတွန်းမြင့်စိုးလေး၊ သုဝဏ္ဏကျော်စိန်၊ မောင်ဉာဏ်ကျယ်၊ တနိုင်ခ၊ ရေနံချောင်းဦးခင်မောင်မြ၊ ကျော်ဖြိုးလွင်၊ ရွှေရိုး(မန္တလေး)၊ မောင်လှိုင်မွှေး၊ ကျော်ဇောဟိန်း (ဒေါ်ပုံ)၊ ကိုအောင်ငွေသိမ်းတို့၏ ဟာသအတွေးအရေး ရုပ်ရှင်ရသများဖြင့် "ဟာသ"ဂျာနယ် အတွဲ(၂) အမှတ်(၃၁)ကို ဝါမိုးအောင်စာပေ အမှတ် ၅၂၉ ကုန်သည်လမ်း ရန်ကုန်မြို့က ဖြန့်ချိထားသည်။ (က–ပ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့ တို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု မြန်မာစာဘာသာ သင်ခန်းစာများကို ဆက်လက်ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
မြန်မာစာဘာသာ သိကောင်းစရာ

ဒီနေ့ပို့ချမယ့်အကြောင်းအရာကတော့ "တက္ကသိုလ်ဝင်တန်း မြန်မာစာဘာသာရပ်အကြောင်း သိကောင်းစရာ" ပဲ ဖြစ်ပါတယ်။ ကျောင်းသူ၊ ကျောင်းသားတွေဟာ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဖို့ ပြင်ဆင်ကျက်မှတ်ရာမှာ အထောက်အကူပြုစေဖို့ ရည်ရွယ်ပြီး ပို့ချပါမယ်။

၂၀၀၂ခုနှစ် တက္ကသိုလ်ဝင်တန်းကစပြီး အသစ်ပြုပြင်မွမ်းမံထားတဲ့ မေးခွန်းပုံစံနဲ့အညီ မေးမြန်းခဲ့ပါတယ်။ ဒီနှစ်မှာလည်း ဒီမေးခွန်းပုံစံအတိုင်းပဲ မေးမြန်းမှာဖြစ်ပါတယ်။ ကျောင်းသူ၊ ကျောင်းသားတွေအနေနဲ့ မေးခွန်းပုံစံကို ကျေကျေညက်ညက် လေ့လာမှတ်သားပြီးကြပြီလို့ ထင်ပါတယ်။ ဒီတော့ ဒီပို့ချချက်မှာ မေးခွန်းပုံစံအတိုင်း မေးခွန်းတစ်ပုဒ်စီကိုအခြေခံပြီး သိကောင်းစရာတွေကို ပို့ချသွားပါ့မယ်။

မေးခွန်း (၁) က သဒ္ဒါမေးခွန်းဖြစ်ပါတယ်။ ပြဋ္ဌာန်းစာဖြစ်တဲ့ မြန်မာသဒ္ဒါ အတွဲ(၂) အခန်း(၆)ကို အခြေခံပြီး မေးတဲ့မေးခွန်း ဖြစ်ပါတယ်။ မေးခွန်းမှာ အပိုင်း(၃)ပိုင်းပါပါတယ်။ အပိုင်း(က)က ကျက်မှတ်မှုဆိုင်ရာ မေးခွန်းဖြစ်ပါတယ်။ သဒ္ဒါစာအုပ်ထဲက မြန်မာစကားဆိုင်ရာ သိမှတ်ဖွယ်ရာများ အခန်းမှာပါတဲ့ ကျောက်စာ၊ မင်စာ စတဲ့ စာအမျိုးမျိုး၊ အက္ခရာပုံသဏ္ဌာန်နဲ့ ပြောင်းလဲပုံ၊ ဌာန်၊ ကရိုဏ်း၊ ပယတ်၊ မြန်မာပါဠိဆင့်၊ ဝါစင်္ဂနဲ့ ဝါကျအဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို လေ့လာကျက်မှတ်ထားရပါ့မယ်။ သာဓကတွေကိုလည်း လိုအပ်သလို ထည့်သွင်းနိုင်ဖို့ ကျက်မှတ်ထားရပါ့မယ်။ မေးခွန်းမှာ 'ကျောက်စာ'တို့၊ 'သပြောင်းလဲပုံ'တို့ ဆိုတာမျိုးမေးရင် ကျက်ထားတဲ့အချက်တွေကို စီကာစဉ်ကာ ရေးပြရုံနဲ့ လုံလောက်ပါတယ်။ 'ဌာန်'တို့၊ 'နာမ်စား'တို့ဆိုတာမျိုးမေးရင်တော့ ဌာန်ဆိုတာဘာလဲ၊ နာမ်စားဆိုတာ ဘာလဲလို့ ဖွင့်ဆိုတဲ့အပြင် ဌာန်ဘယ်နှမျိုးရှိကြောင်း၊ နာမ်စားဘယ်နှမျိုးရှိကြောင်း ဖော်ပြပြီး သာဓကတွေလည်း ထုတ်ပြမှ ပေါ်လွင်မှာဖြစ်ပါတယ်။ မေးခွန်းနဲ့အညီ လိုအပ်တဲ့အချက်အလက်ကို ထုတ်ပြီးဖြေနိုင်ဖို့ လိုပါတယ်။

အပိုင်း(ခ)က နားလည်မှုဆိုင်ရာ မေးခွန်းဖြစ်ပါတယ်။ သဒ္ဒါဆိုင်ရာ သတ်မှတ်ချက်တွေကို သဘောပေါက်နားလည်မှုရှိ၊မရှိ စမ်းသပ်တဲ့မေးခွန်းဖြစ်ပါတယ်။ သဒ္ဒါစာအုပ်ထဲက လေ့ကျင့်ခန်းတွေကို လေ့ကျင့်ထားရင် နားလည်သဘောပေါက်မှာ ဖြစ်ပါတယ်။ နားလည်ပြီဆိုရင် မေးခွန်းမှာ 'ကြက်ဆင်'ဆိုတဲ့ ပေါင်းစပ်နာမ်မှာ ဘယ်နာမ်က ဘယ်နာမ်ကို အထူးပြုသလဲလို့မေးရင် ကြက်ဆင်ဆိုတာ ဆင်နဲ့တူတဲ့ ကြက်ကိုဆိုလိုကြောင်း သဘောပေါက်ထားပြီး ရှေ့နာမ် 'ကြက်'ကို နောက်နာမ် 'ဆင်'က အထူးပြုကြောင်း မှန်မှန်ကန်ကန် ဖြေနိုင်ပါလိမ့်မယ်။ ဒီမေးခွန်းအတွက်'မောင်ထွန်း'ဆိုတာ အနက်အဓိပ္ပာယ်အရ တစ်ဦးဆိုင်နာမ်ဖြစ်ကြောင်း၊'လှခြင်း' ဆိုတာ ဖွဲ့စည်းတည်ဆောက်ပုံအရ ဂုဏ်ရည်ပြနာမ်ဖြစ်ကြောင်း၊ 'သည်' ဆိုတာ ပစ္စုပ္ပန်ကာလပြ ဝိဘတ်ဖြစ်ကြောင်း၊ 'နှင့်'ဆိုတာ ပုဒ်ဆက်သမ္ဗန္ဓဖြစ်ကြောင်း စသည်ဖြင့် နားလည်အောင် လေ့လာထားရမှာဖြစ်ပါတယ်။

အပိုင်း (ဂ) က ကျွမ်းကျင်မှုဆိုင်ရာ မေးခွန်းဖြစ်ပါတယ်။ သဒ္ဒါဆိုင်ရာ သဘောတရားတွေ၊ နည်းနာတွေကို ကျွမ်းကျွမ်းကျင်ကျင် လက်တွေ့သုံးနိုင်ခြင်းရှိ၊မရှိ စမ်းသပ်တဲ့မေးခွန်းဖြစ်ပါတယ်။ သဒ္ဒါဆိုင်ရာ သတ်မှတ်ချက်နှင့်အညီ ကွက်လပ်ဖြည့်တာတို့၊ ဝါကျထဲမှာသုံးပြတာတို့ ပါဝင်ပါတယ်။ ပုံစံပြရရင် 'အလှဆုံး' ဆိုတဲ့ နာမဝိသေသနကို ဝါကျထဲမှာ သုံးပြပါလို့ မေးတယ်ဆိုပါစို့။ 'ဤပရိသတ်ထဲတွင် **အလှဆုံး** မိန်းကလေးမှာ မြမြဖြစ်သည်' ဆိုတာမျိုး သုံးပြဖို့ပါပဲ။ လေ့ကျင့်ခန်းအပိုင်းမှာ အဲဒီလို လေ့ကျင့်ခန်းတွေ ပါပါတယ်။ ကိုယ်ကိုယ်တိုင် လက်တွေ့ကျွမ်းကျင်အောင် လေ့ကျင့်ထားဖို့ လိုပါတယ်။

မေးခွန်း (၂) က ဝေါဟာရနဲ့ အလင်္ကာမေးခွန်းဖြစ်ပါတယ်။ အပိုင်း (က)က စကားပြေ၊ ကဗျာ၊ ပြဇာတ်တွေထဲက ရှေးခေတ်သုံး စာသုံးပေသုံး ဝေါဟာရတွေကို အဓိပ္ပာယ်ဖွင့်ခိုင်းတဲ့ မေးခွန်းပါ။ ပြဋ္ဌာန်းစာအုပ်တွေထဲက ခက်ဆစ်အဓိပ္ပာယ်အတိုင်း တိတိကျကျကျက်ထားရင် ဖြေနိုင်မှာပါ။ အဓိပ္ပာယ်ပေးပုံ တိကျဖို့၊ နာမ်ဆိုနာမ်လို၊ ကြိယာဆိုကြိယာလို စသည်ဖြင့် သဒ္ဒါအနေအထားမှန်အောင် ဖွင့်ဖို့ ဂရုပြုရပါမယ်။ 'ဘုန်းဟော့' ဆိုပါစို့။ 'ဘုန်းရှိသော' လို့ နာမဝိသေသနလို ဖွင့်ဖို့ဖြစ်ပါတယ်။ 'ဘုန်းရှိသည်'၊ 'ဘုန်းရှိခြင်း' လို့ဖွင့်ရင် သဒ္ဒါသဘောမမှန်ပါဘူး။ ပြီးတော့ ဖွင့်တဲ့အဓိပ္ပာယ်က ပြဋ္ဌာန်းစာအုပ်ထဲက အဓိပ္ပာယ်အတိုင်း ဖြစ်ဖို့လိုပါတယ်။ 'ရွှရာ'ကို ပြဋ္ဌာန်းစာထဲမှာ လန့်ထိတ်တယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ သုံးထားတာမို့ အဲဒီလို ဖွင့်မှ မှန်ပါလိမ့်မယ်။ ခုနားလည်နေသလို 'စက်ဆုပ်သည်'လို့ဖွင့်ရင် မမှန်ပါဘူး။

အပိုင်း(ခ)မှာတော့ ခုခေတ်သုံးနေဆဲ ဝေါဟာရတွေကို ဝါကျဖွဲ့ပြရမှာပါ။ ဝေါဟာရရဲ့ အဓိပ္ပာယ်ထင်ရှားပေါ်လွင်အောင် ဝါကျဖွဲ့ရပါလိမ့်မယ်။ 'လုံ့လ'ကို ဝါကျဖွဲ့ရာမှာ 'လုံ့လ၏အဓိပ္ပာယ်ကို ကျွန်တော်သိပါသည်'လို့ ဝါကျဖွဲ့ရင် လုံ့လအဓိပ္ပာယ် မပေါ်လွင်ပါဘူး။ 'ကျွန်တော်သည် စာမေးပွဲအောင်မြင်စေရန် လုံ့လထုတ်ရပါမည်' ဆိုတာမျိုး ဝါကျဖွဲ့မှ အဓိပ္ပာယ်ပေါ်လွင်ပါလိမ့်မယ်။

အပိုင်း (ဂ) ကတော့ အလင်္ကာမေးခွန်းပါ။ ပြဋ္ဌာန်းစာအုပ်တွေထဲက အလင်္ကာတွေကို မေးခွန်းမှာ အမျိုးအမည်နဲ့တကွ ဖော်ပြထားပါလိမ့်မယ်။ အဲဒီလင်္ကာကို ပြဋ္ဌာန်းစာမှာ ဘယ်လိုဆက်စပ်သုံးတယ်ဆိုတာရယ်၊ ဘာကြောင့် အဲဒီအလင်္ကာမြောက်တယ်ဆိုတာရယ် ဖြေရမှာဖြစ်ပါတယ်။ အလင်္ကာတစ်ခုကို ပြဋ္ဌာန်းစာနဲ့ ဆက်စပ်လေ့လာမှ အဲဒီလင်္ကာရဲ့ အဓိပ္ပာယ်ကို ပြည့်ပြည့်ဝဝ နားလည်နိုင်မှာမို့ ဆက်စပ်လေ့လာထားဖို့ လိုပါတယ်။ 'ကဗျာကောင်းကင်' ဆိုတဲ့ ရူပကအလင်္ကာကို ရှင်းပြရမယ်ဆိုရင် အဲဒီကဗျာဟာ 'အနုပညာသည်၏ အားမာန်' ကဗျာထဲက ဖြစ်ကြောင်း၊ ကဗျာနယ်ပယ် ကျယ်ဝန်းပုံနဲ့ ဆက်စပ်ပြီး ရေးဖွဲ့ထားတာဖြစ်ကြောင်း ဆက်စပ်ရှင်းပြရပါလိမ့်မယ်။ ပြီးတော့မှ ကဗျာ (အနှိုင်းခံ)နဲ့ ကောင်းကင် (အနှိုင်း)ကို ကျယ်ဝန်းပုံဂုဏ်ရည်ချင်း တူတဲ့အတွက် ထပ်တူပြုရေးဖွဲ့ထားလို့ ရူပကအလင်္ကာမြောက်ကြောင်း ရှင်းပြရပါမယ်။ ဥပမာအလင်္ကာဆိုရင်လည်း အနှိုင်းခံနဲ့ အနှိုင်းကို ဘယ်လိုခိုင်းနှိုင်းထားကြောင်း၊ ဝက်ဝုတ္တိအလင်္ကာဆိုရင်လည်း ဘယ်လိုသွယ်ဝိုက်ဖွဲ့ထားကြောင်း၊ အတိသယဝုတ္တိအလင်္ကာဆိုရင်လည်း ဘယ်လိုအလွန်အကြူး ဖွဲ့ထားကြောင်း၊ မြည်သံစွဲအလင်္ကာဆိုရင်လည်း ဘယ်လိုမြည်သံကို ထည့်သွင်းဖွဲ့ထားကြောင်း ရှင်းပြရမှာ ဖြစ်ပါတယ်။

မေးခွန်း (၃)က ကဗျာမေးခွန်းဖြစ်ပါတယ်။ ကဗျာလက်ရွေးစင်စာအုပ်နဲ့ဆိုင်ပါတယ်။ အပိုင်း(က)မှာ ခမ္ဘိဋ္ဌာန်မေးခွန်းတွေ ဖြေရပါလိမ့်မယ်။ ဒီမေးခွန်းအတွက် ကဗျာတစ်ပုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ ကဗျာစာဆိုအကြောင်း၊ ကဗျာအကြောင်းတွေ၊ ပြီးတော့ ကဗျာတစ်ပုဒ်ချင်းရဲ့ ရေးတဲ့ခေတ်၊ ကဗျာစာဆို၊ ကဗျာအမျိုးအစား၊ ကဗျာရှည်ထဲက ထုတ်နုတ်တာဆိုရင် ထုတ်နုတ်တဲ့ ကဗျာနဲ့ ကဗျာထဲက အချက်အလက်တွေကို တိတိကျကျ လေ့လာထားရမှာ ဖြစ်ပါတယ်။ သာဓကပြရရင် တပေါင်းညှာကျင် အဲချင်းရဲ့ မိတ်ဆက်အမှာစာမှာ 'လပအဲ' ဆိုတာပါတယ်။ လပအဲဆိုတာ လရောင်ထွန်းပတဲ့အခါ လသာတဲ့ပအခါမှာ သီဆိုရတဲ့ အဲချင်းဖြစ်ကြောင်း ရှင်းပြထားတယ်။ အဲဒါမျိုးကအစ မှတ်သားရမှာပါ။ ကဗျာရေးတဲ့ခေတ်တို့၊ ကဗျာအမျိုးအစားတို့၊ ကဗျာစာဆိုအမည်တို့ကိုလည်းမလွဲမမှားအောင် မှတ်သင့်ပါတယ်။ 'ဝိဓူရ သိပ္ပလူ့ကိစ္စ' ကဗျာကို ကိုးခန်းပျို့ထဲက ထုတ်နုတ်တယ်ဆိုတာမျိုးလည်း မှတ်ရပါလိမ့်မယ်။

အပိုင်း (ခ) ကတော့ ကဗျာတစ်ပုဒ်ချင်း ရှင်းလင်းဆွေးနွေးရမယ့် မေးခွန်းဖြစ်ပါတယ်။ ကဗျာတစ်ပုဒ်ချင်းရဲ့ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအဖွဲ့၊ ရသ၊ အသိအမြင် ဆိုတာတွေကို ထောင့်စေ့အောင် လေ့လာထားရပါလိမ့်မယ်။ အရေးကြီးတဲ့ အချက်ကတော့ စာမေးပွဲမှာ မေးခွန်းဘာမေးတာလဲ၊ ဘာလိုချင်တာလဲဆိုတာ ကွဲပြားအောင်လေ့လာပြီး မေးတာကို ဖြေနိုင်အောင်၊ မမေးတာကို မဖြေမိအောင် သတိပြုဖို့ပါပဲ။ ကဗျာထဲက အချက်အလက်ကို ကိုယ့်စကားနဲ့ ပြန်ရေးပြခိုင်းတာလား၊ ဒါမှမဟုတ် ကဗျာစာဆိုက ဘယ်လိုဖွဲ့ထားကြောင်း ကဗျာစာဆိုရဲ့နေရာကနေပြီး ရေးခိုင်းတာလား၊ မေးခွန်းအရ ကိုယ့်ထင်မြင်ချက်တို့၊ ကိုယ့်ခံစားရတဲ့ ရသတို့ထည့်ဖို့ လိုအပ်သလား ဆိုတာတွေ ကွဲပြားအောင် လေ့လာဖို့လိုပါတယ်။ ကဗျာစာသား အကိုးအကားထည့်သွင်းဖြေဆိုနိုင်ဖို့လည်း ကျက်မှတ်ပြင်ဆင်ထားရပါလိမ့်မယ်။

မေးခွန်း (၄) က စကားပြေမေးခွန်းဖြစ်ပါတယ်။ ကဗျာမေးခွန်းပုံစံအတိုင်းပါပဲ။ **အပိုင်း (က)** မှာ ခမ္ဘိဋ္ဌာန်မေးခွန်းဖြေဖို့ ဖြစ်ပါတယ်။ စကားပြေတစ်ပုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ စာဆိုအကြောင်း၊ စကားပြေအကြောင်းတွေ၊ စကားပြေတစ်ပုဒ်ချင်း ရေးတဲ့ခေတ်၊ ရေးသူ၊ ထုတ်နုတ်တဲ့ စကားပြေကျမ်းနဲ့ စကားပြေထဲက အချက်အလက်တွေ လေ့လာထားရပါလိမ့်မယ်။ ဆိုပါစို့။ 'မြန်မာစာအရေးအသားတိုးတက်စေနည်း' စကားပြေမိတ်ဆက်မှာပါတဲ့ ဦးဖေမောင်တင်ဟာ အသက် (၂၄) နှစ်မှာ ပါဠိပါမောက္ခတာဝန်ထမ်းဆောင်ခဲ့တယ်ဆိုတဲ့အချက်မျိုးကအစ မှတ်သားရပါလိမ့်မယ်။ စကားပြေရေးတဲ့ခေတ်နဲ့ ရေးသူကိုလဲ မလွဲမှားစေချင်ပါဘူး။ 'အားလပ်သော အချိန်ကလေးများ' စကားပြေကို 'ကမ္ဘာ့မင်တံ' စာအုပ်က ထုတ်နုတ်တယ်ဆိုတာမျိုးလည်း မှတ်သားရမှာပါ။

အပိုင်း (ခ) ကလည်း ကဗျာမှာလိုပဲ ရှင်းလင်းဆွေးနွေးရမယ့် မေးခွန်းဖြစ်ပါတယ်။ စကားပြေတစ်ပုဒ်ချင်းရဲ့ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအသား၊ သုတရသ၊ သင်ခန်းစာဆိုတဲ့အချက်တွေ လေ့လာထားပြီး မေးခွန်းက မေးတဲ့အချက်တွေကို တိတိကျကျ ဖြေနိုင်အောင် ပြင်ဆင်ထားရမှာပါ။ သိဃ်သူ့သမီးရဲ့ အလှူမှတ်တမ်းကို ဖော်ပြရတာမျိုးလို စကားပြေအချက်အလက်ကိုပဲဖော်ပြရတာမျိုးရှိသလို 'မိခင်သောက' စကားပြေကို ကရုဏာရသမြောက်တဲ့ စကားပြေဖြစ်ကြောင်း အကြောင်းပြဆွေးနွေး ဖြေဆိုရတာမျိုးလည်း ရှိပါလိမ့်မယ်။

မေးခွန်း (၅) က ရေသည်ပြဇာတ်မေးခွန်းဖြစ်ပါတယ်။ အပိုင်း (က)က စကားစပ်နဲ့ ဖြေရမှာဖြစ်ပြီး အပိုင်း(ခ)က ပြဇာတ်အကြောင်းအရာကို ဖြေရမှာ ဖြစ်ပါတယ်။ စကားစပ်မှာပေးထားတဲ့ စာပိုဒ်ကို မြင်လိုက်တာနဲ့ ဘယ်အခန်းက ထုတ်နုတ်တယ်။ ဘယ်သူက ဘယ်သူ့ကို ဘယ်အချိန် ဘယ်နေရာမှာ ဘာအကြောင်းနဲ့ ဆက်စပ်ပြီး ပြောတယ်ဆိုတဲ့အချက်တွေ တန်းစီပြီးရေးနိုင်အောင် ကျေကျေညက်ညက် လေ့လာထားဖို့ လိုပါတယ်။ ပြဇာတ်အကြောင်းအရာကတော့ ရေသည်ယောကျ်ား၊ ရေသည်မိန်းမ၊ ဥဒယမင်းကြီးဆိုတဲ့ ဇာတ်ဆောင်သုံးယောက်ရဲ့အကြောင်းကို ကိုယ့်စကားနဲ့ကိုယ် ပြန်ရေးတတ်ရင် လုံလောက်ပါပြီ။ မေးခွန်းရဲ့ လိုအပ်ချက်နဲ့အညီ လိုသလောက်ဖြေဖို့ပါပဲ။

နောက်ဆုံးမေးခွန်းဖြစ်တဲ့ **မေးခွန်း (၆)** ကတော့ စာစီစာကုံးပါပဲ။ ၂၀၀၂ ခုနှစ် စာမေးပွဲကစပြီး စာစီစာကုံးကို ပုံကြမ်းအချက်အလက်ပေးပြီး ရေးခိုင်းတဲ့အတွက် ဒီနှစ် ကျောင်းသူ၊ ကျောင်းသားများ စာစီစာကုံးလေ့ကျင့်ရာမှာ ပုံကြမ်းနဲ့လေ့ကျင့်ထားကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ပုံကြမ်းအတိုင်း လိုက်ရေးရင် အနည်းဆုံးအောင်မှတ်ရတဲ့ ရွက်ကြမ်းရေကျို စာစီစာကုံးတစ်ပုဒ်ဖြစ်ဖို့ စိတ်ချနိုင်ပါတယ်။ အရေးကောင်းရင်တော့ ကောင်းသလောက် အမှတ်ကောင်းကောင်းရနိုင်ပါတယ်။ ပုံကြမ်းအတိုင်း လိုက်မရေးရင်တော့ အောင်မှတ်ရဖို့ အာမမခံနိုင်ပါဘူး။ အရင်တုန်းကလို အလွတ်ကျက်လာတဲ့ စာစီစာကုံးတွေကို စာမေးပွဲခန်းထဲကျမှ ပြန်အန်ချပြတာမျိုး မဖြစ်အောင်၊ ပုံကြမ်းနဲ့ ရေးခိုင်းတာဖြစ်ပါတယ်။ စာစီစာကုံး အလွတ်ကျက်တဲ့ အကျင့်ပျောက်အောင်လည်း အထောက်အကူပြုပါလိမ့်မယ်။

စာစီစာကုံးရေးရာမှာ တက္ကသိုလ်ဝင်တန်းဖြေတဲ့ ကျောင်းသားတစ်ယောက်မှာ သူ့အသက်အရွယ်၊ သူ့ပတ်ဝန်းကျင်၊ သူ့လေ့လာမှုအရ ရှိနေမယ်လို့ မျှော်လင့်နိုင်တဲ့ ဗဟုသုတ၊ အတွေးအခေါ်တွေကို ထည့်ရေးနိုင်ဖို့လည်း မျှော်လင့်ပါတယ်။ စာစီစာကုံးထဲ ထည့်ရေးဖို့ဆိုပြီး အချက်အလက်တွေ အပန်းတကြီးကြိုတင် ကျက်မှတ်ထားစရာ မလိုပါဘူး။ ကိုယ့်မှာရှိတဲ့ ဗဟုသုတ၊ အတွေ့အကြုံ၊ အတွေးအခေါ်တွေကို ပေးထားတဲ့ ခေါင်းစဉ်နဲ့အညီ မှန်မှန်ကန်ကန်၊ ရှင်းရှင်းလင်းလင်း၊ ပြေပြေပြစ်ပြစ်ရေးနိုင်ရင် စာစီစာကုံးကောင်းတစ်ပုဒ် ဖြစ်လာမှာပါပဲ။ အချက်အလက်တွေအများကြီး ပွတ်သိပ်ထည့်ပြီး အရေးအသားမကောင်းတဲ့ စာစီစာကုံးမျိုးထက် အချက်အလက်လိုအပ်သလောက်သာ ထည့်သွင်းပြီး အစ၊ အလယ်၊ အဆုံး အစီအစဉ်တကျ ရေးသားတင်ပြတဲ့ စာစီစာကုံးမျိုးက ပိုပြီးအမှတ်ရမှာပါ။ အဲဒီလို ရေးနိုင်အောင် ကြိုးစားအားထုတ်ထားသင့်ပါတယ်။

ကဲ- ဒီလောက်ဆိုရင်တော့ မြန်မာစာဘာသာရပ်နဲ့ ပတ်သက်ပြီး သိကောင်းစရာတွေ ခြုံငုံမိလောက်ပါပြီ။ ခုဆွေးနွေးခဲ့တဲ့ အချက်တွေကို အကျိုးရှိရှိ အသုံးပြုနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ပို့ချချက်ကို ရပ်နားလိုက်ပါတယ်။ ။

သထုံမြို့၌ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ

သထုံ ဖေဖော်ဝါရီ ၂၇

သထုံမြို့ အောက်ကျင်းရပ်ကွက်၊ ဗူးဘုရားလမ်းတွင် သထုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ၁၂ရက်က ကျင်းပရာ သထုံခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသော်ဇင်၊ အတွင်းရေးမှူး ဗိုလ်မှူးသောင်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်လွင်နှင့်အဖွဲ့ဝင်များ၊ခရိုင်နှင့်မြို့နယ် အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် လမ်းဖြစ်မြောက်ရေးအတွက်ဆောင်ရွက်ခဲ့သောလှူမှုရေးအသင်းအဖွဲ့ဝင်များ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ဦးရှိန်က ရှင်းလင်းပြောကြားပြီး လမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်ငယ်က ကျေးဇူးတင်စကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်အား မြို့နယ်ဥက္ကဋ္ဌ ဦးကျော်လွင်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ငယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကတ္တရာလမ်းမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ၁၄၂၀၀၀၀ ထည့်ဝင်ပြီး ပြည်သူလူထုကငွေကျပ် ၁၄၅၀၀၀၀ထည့်ဝင်ကာ စုစုပေါင်း ၂၈၇၀၀၀၀ အကုန်အကျခံ ကာလမ်းများဖွံ့ဖြိုး တိုးတက်စေရေးအတွက် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

နေပြည်မြို့နယ် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အကြိုအခြေခံမီးသတ်သင်တန်း အမှတ်စဉ်(၁/၂၀၀၄) ဆင်းပွဲကို ဖေဖော်ဝါရီ ၁၇ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သိန်းက သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်စဉ်။ (၁၆၄)

ချောက်မြို့မဟာစည် ငွေရတုပူဇော်ပွဲ

ချောက် ဖေဖော်ဝါရီ ၂၃

မကွေးတိုင်း ချောက်မြို့ အေးစေတီရပ်၊ ဇမ္ဗူဒီပမဟာစည်ရိပ်သာကျောင်းတိုက်၏ (၂၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ၁၃၆၅ ခုနှစ် တပေါင်းလပြည့်နေ့မှ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း စတင်ဖွင့်လှစ်ပြီး ၁၃၆၆ ခုနှစ် ကဆုန်လဆန်း ၁၀ရက်မှ လပြည့် ဗုဒ္ဓဟူးနေ့အထိ ညစဉ် ၇နာရီတွင် အောင်တော်မူဆရာတော်(ရန်ကုန်)၊ စိန်စည်ဆရာတော် (ရန်ကုန်)၊ နိဂြောဓာရုံဆရာတော် (စစ်ကိုင်းအလ္လကပ္ပ) စမ်းမြသီတာ ဆရာတော်(မုံရွာ) ရွှေမြန်မာဆရာတော် ဇမ္ဗူဒီပါအရှင်ဝိဇ္ဇာသိဒ္ဓိ တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ လှူဖွယ်ပစ္စည်းများနှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း လှူဒါန်းလိုသူများ ဖုန်း- ၀၁- ၅၈၀၁၆၇ နှင့် ၀၆၁-၂၁၃၇၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(က-ပ)

သန့်ရှင်းရေးရက်သတ္တပတ် လှုပ်ရှားဆောင်ရွက်

အရာတော် ဖေဖော်ဝါရီ ၂၈

မုံရွာခရိုင်၊ အရာတော်မြို့နယ်၊ ကျန်းမာရေး ဦးစီးဌာနမှူကြီးမှူး၍ သတ္တမနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုကို ဖေဖော်ဝါရီ ၁၄ ရက် နံနက်က မြို့ပေါ်သုံးရပ်ကွက်နှင့် စည်ပင်သာယာဈေးတို့တွင် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြသည်။ **(ပြန်/ဆက်)**

တောင်ကြို့ကုန်း ကျေးလက်လမ်းဆောင်ရွက်မှုစစ်ဆေး

လက်ပံတန်း ဖေဖော်ဝါရီ ၂၄

လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်တွင် ကုန်ကျငွေကျပ် ၉၀၀၀၀၀ဖြင့် အရှည် ၁၃၀၀၊ အကျယ် ၁၀ပေရှိ လက်ပံတန်းမြို့နယ်မှ မင်းလှမြို့နယ်သို့ ဆက်သွယ်သော တောင်ကြို့ကုန်း ကျေးလက်လမ်းကိုဖောက်လုပ်လျက်ရှိသည်။

အဆိုပါ ကျေးလက်လမ်း ဂဝံလမ်းခင်း ဆောင်ရွက်ပြီးစီးမှုကို ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်က ဖေဖော်ဝါရီ ၁၄ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းခင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မိုးသွင်တို့က လိုက်လံရှင်းလင်းပြသသည်။ **(မြို့နယ်စည်ပင်)**

မင်းလှမြို့နယ်စိန်ပု တံတားဖွင့်ပွဲကို ဖေဖော်ဝါရီ၁၈ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်သူနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြင့်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (က-ပ)

ဆေးပုလဲတော အမက ကျောင်းဆောင်သစ်လှူဒါန်း

ရေနံချောင်း ဖေဖော်ဝါရီ ၂၉

ရေနံချောင်းမြို့နယ် ချောင်းဆုံကျေးရွာအုပ်စု ဆေးပုလဲတော အမက (၉၄) ၏ ၂၅သိန်းတန် ကျောင်းဆောင်သစ်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၁ နာရီက ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးအင်ကြူ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးနှင့် ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျေးရွာသားများတက်ရောက်ကြသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် အလှူရှင် မန္တလေးမြို့ တောင်တမံတိုက်အေးကျောင်း ဆရာတော် ဦးဝိသာရက လှူဒါန်းရခြင်း ရှင်းလင်းတင်ပြ၍ မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်ပြန်/ဆက်ဦးစီးမှူးတို့က အမှာစကားပြောကြားသည်။ အလှူရှင်ဆရာတော်က မြို့နယ်ပညာရေးမှူးဦးခင်မောင်ဌေးသို့ စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျောင်းဆောင်သစ်ကို မြို့နယ်ဥက္ကဋ္ဌနှင့်မြို့နယ် ပညာရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးလိုက်သည်။ **(၂၀၈)**

မြို့နယ်သတင်းများ

စစ်တွေမြို့နယ် ချောင်းနွယ်ကျေးရွာ ကျေးလက် သောက်သုံးရေကန်ဖွင့်

စစ်တွေ ဖေဖော်ဝါရီ ၂၄

စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်အတွင်းတွင် ဆောင်ရွက်ခဲ့သော ကျေးလက်သောက်သုံးရေကန် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက ချောင်းနွယ်ကျေးရွာ ရေကန်တွင် ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့၊ စစ်တွေခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ စစ်တွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ကျေးရွာ လူထုအင်အား ၃၀၀ ခန့် တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားကျင်းပရာတွင် ချောင်းနွယ်ကျေးရွာ သောက်သုံးရေကန်အား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဝင်းကြည်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အထောက်အကူဖြစ်

ယနေ့ ဖွင့်လှစ်ခဲ့သော ချောင်းနွယ်ကျေးရွာရေကန်မှာ အကျယ်ပေ ၁၀၀ ပတ်လည်၊ အနက် လေးပေရှိပြီး ကုန်ကျငွေ ကျပ်၅၂၅၀၀၀ဖြင့် ဆောင်ရွက်ခဲ့ရာ စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးအောင်သန်းက ကြီးကြပ်တူးဖော်ခဲ့ခြင်းဖြစ်ပြီး ရေချိုရှားပါးသော ချောင်းနွယ်ကျေးရွာပြည်သူများအတွက် များစွာအထောက်အကူဖြစ်စေသည်။

(မြို့နယ်/စည်ပင်)

အခြေခံစားကုန်အရောင်းဆိုင်ဖွင့်လှစ်

ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန အခြေခံစားကုန်အရောင်းဆိုင် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၈ နာရီက ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးကျေးရွာရှိ အဆိုပါအရောင်းဆိုင်ရှေ့တွင်ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန ကျောင်းအုပ်ကြီး ရဲမှူးချုပ်ခင်မောင် တက်ရောက်ဖွင့်လှစ်ပေးသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ဒုတိယကျောင်းအုပ်ကြီး ရဲမှူးကြီးကျော်ဌေးက အခြေခံစားကုန်အရောင်းဆိုင် ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗဟိုလေ့ကျင့်ရေးဌာန ကျောင်းအုပ်ကြီးရဲမှူးချုပ်ခင်မောင်က အခြေခံစားကုန် အရောင်းဆိုင်ကို ဖွင့်လှစ်ပေး၍ ဆိုင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။ **(၄၆၉)**

ကျေးလက်ဂဝံလမ်း ဖွင့်ပွဲကျင်းပ

ကဝ ဖေဖော်ဝါရီ ၁၃

ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့သော ကဝ-ရှမ်းကန် ကျေးရွာ ကျေးလက်ဂဝံလမ်း ဒုတိယပိုင်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ယင်းလမ်းမကြီးပေါ်တွင် ကျင်းပရာ မြို့နယ်စည်ပင် သာယာရေးအဖွဲ့အမှုဆောင်အရာရှိက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(၃၇၀)**

ဖေဖော်ဝါရီ ၁၄ ရက်က ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးတင်မော်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာဦးအောင်ကိုဦးတို့က ကွမ်းသီးချောင်းကျေးရွာနှင့် ဖိုးဒကွဲကျေးရွာ မြေသားလမ်းဖောက်လုပ်မှုကို သွားရောက်စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အောင်ဟိတ်-ဆိပ်သာ ကျေးလက်မြေသားလမ်း (၈ မိုင် ၃ ဖာလုံ) စက်ယန္တရားဖြင့် ဖောက်လုပ်နေမှုကို မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦး၊ တာဝန်ခံအင်ဂျင်နီယာဦးစိုးနိုင်ဦးနှင့်လုပ်ငန်းခွင်အင်ဂျင်နီယာဦးတင်မောင်စိုးတို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဟိုပင်မြို့လုံးကျွတ် သန့်ရှင်းရေးဆောင်ရွက်

ဟိုပင် ဖေဖော်ဝါရီ ၂၀

ကချင်ပြည်နယ် ဟိုပင်မြို့တွင် သတ္တမနှစ်အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုလုပ်ငန်းအဖြစ် ဖေဖော်ဝါရီ ၁၆ ရက် နံနက်က ဟိုပင်မြို့လုံးကျွတ် သန့်ရှင်းရေးလုပ်ငန်းနှင့် ဈေးတွင်း၊ ဈေးပြင်သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးဦးသာမြင့်အောင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်ဆရာဝန် ဒေါက်တာနေထွန်းအောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးမောင်မောင်သွင်၊ အင်ဂျင်နီယာဦးစိန်အောင်မြင့်နှင့် စည်ပင်ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့များ၊ ပြည်သူများက ပူးပေါင်းဆောင်ရွက်ကြသည်။ ဟိုပင်မြို့ ဖွံ့ဖြိုးတိုးတက်စည်ပင်လှပရေးလုပ်ငန်းများကို အပတ်စဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရေကောင်းရေသန့်ရရှိရေး လုပ်ငန်းများကိုလည်း ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက စုပေါင်းဆောင်ရွက်ကြသည်။

(မြို့နယ်ပြန်/ဆက်)

မုဒုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသား အရည်အချင်းပြည့်မီသူ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်သည့် အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက်က မုဒုံမြို့ အထက(၁)တွင် ကျင်းပရာ မြို့နယ်ဦးစီး ဌာနမှူး ဦးကျော်ဇင်က ကျောင်းအုပ်ဆရာမကြီး မန်းမြခိုင်ထံပေးအပ်စဉ်။

(မြို့နယ်/လဝက)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက် အမျိုးသမီးရေးရာ အဖွဲ့ဝင်များအား လုပ်ငန်းများရှင်းလင်း

ရန်ကုန် မတ် ၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်နှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာ အဖွဲ့ဝင်များအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့် စပ်လျဉ်း၍ လုပ်ငန်းဆိုင်ရာ ရှင်းလင်းရန်အတွက် ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီခွဲတွင် မြန်မာ့လေကြောင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့သို့ ရောက်ရှိကြသည်။

ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်နှင့် အဖွဲ့အား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဇနီး ဒေါ်ခင်သန့်စင်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသူများက လားရှိုးလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာ အဖွဲ့ဝင်များအား လုပ်ငန်းရှင်းလင်းသည့် အစည်းအဝေးကို မွန်းတည့် ၁၂ နာရီတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါ်ခင်သန့်စင်နှင့် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အထောက်အကူပြုအဖွဲ့ဝင်များ၊ ပြည်နယ် အမျိုးသမီးရေးရာ နာယကအဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လားရှိုးခရိုင်၊ ကျောက်မဲခရိုင်၊ ကွမ်းလုံခရိုင်၊ လောက်ကိုင်ခရိုင်နှင့် မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လားရှိုးမြို့ပေါ်ရှိ ရပ်ကွက် ၁၂ ရပ်ကွက်မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ စုစုပေါင်း အင်အား ၅၅၇ ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်ထုရော်က ဖွဲ့စည်းပုံနှင့် အဖွဲ့ဝင်လျှောက်ထားပုံများကို လည်းကောင်း၊ အဖွဲ့ချုပ်ကျန်းမာရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်မိုးမိုးခိုင်က ကျန်းမာရေး၊ ယဉ်ကျေးမှု၊ အမျိုးသမီးငယ်ရွယ်များ ပြုစုပျိုးထောင်ရေး၊ ပြန်လည်နေရာချထားရေး၊ အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေး ကိစ္စရပ်များ၏ တာဝန်ဝတ္တရားများကို လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေး၊ ဆက်သွယ်ရေးအဖွဲ့ ခေါင်းဆောင် ဒေါ်ရီရီမြင့်က ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကို လည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ရှမ်းပြည်နယ် (မြောက်ပိုင်း)ပြည်နယ်၊ခရိုင်၊မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များက ပေးအပ်လှူဒါန်းသော ငွေများကို ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့၏နာယက၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါ်ခင်သန့်စင်က ပေးအပ်လှူဒါန်းရာ အလှူငွေများကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က လက်ခံယူသည်။ (သတင်းစဉ်)

ဒဂုံ မြို့သစ် မြောက် ပိုင်း မြို့နယ် အမက (၉) မိဘဆရာ အသင်း နှစ်ပတ်လည် အစည်းအဝေးနှင့်ပညာရည် ချွန် ဆု ပေး ပွဲ အ ခမ်း အနားကိုဖေဖော်ဝါရီ ၂၁ ရက်က ကျင်းပရာ ဒုတိယတန်း သင်္ချာ ဘာသာ ထူးချွန်ဆုရရှိသူ မောင်ကျော်ဇင်လတ်အား တာဝန်ရှိသူ တစ် ဦး က ဆုချီးမြှင့်စဉ်။ (က-ပ)

မဟာစည် ချီးကျူးဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၄ဖြင့် ၄-၁-၂၀၀၄ ရက်တွင် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း အပ်နှင်းခြင်းခံရသော မဟာစည်ရိပ်သာများမှ သံဃာတော် အရှင်သူမြတ်ကိုးပါးနှင့် သာသနာ့ဒါယကာ၊ ဒါယိကာမ ငါးဦးတို့အား ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်၊ ဟိတေသီအဖွဲ့၊ အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့တို့က စုပေါင်း၍ ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို ၁၃၆၅ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်း အမှတ်(၁၆)ရှိ မဟာစည် သာသနာ့ရိပ်သာ ဖလ်ယဉ်မ္ဗာရုံ၌ ကျင်းပမည်ဖြစ်သည်။ (က-ပ)

မင်းကွန်း တိပိဋကဓရ ဓိတဒါန တိုင်းရင်းဆေးရုံဖွင့်မည်

ရန်ကုန် မတ် ၃

မင်းကွန်း တိပိဋကဓရ ဓမ္မနာဒ ရေ-ဆွမ်း-ဆေး အလှူတော်အဖွဲ့ကြီးမှ ဦးဆောင်လျက် အများပြည်သူ စုပေါင်းလှူဒါန်းသည့် ကျပ်သိန်းပေါင်း ၃၅၀ ကျော်ဖြင့် တည်ဆောက်ခဲ့သည်။

မင်းကွန်း တိပိဋက ဓိဝိတဒါန တိုင်းရင်းဆေးရုံတော်ကို နိုင်ငံတော်သို့ အပ်နှင်း၍ ဖွင့်ပွဲအခမ်းအနားကို အကျိုးတော်ဆောင် ဖြစ်တော်မူသော နဝမမြောက် ရွှေစင်တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တဂန္ဓမာလာ လင်္ကာရ၏ သက်တော် (၃၆)နှစ်ပြည့် ဝိဇာတ မွေးနေ့မင်္ဂလာအခါဖြစ်သော မတ် ၆ ရက်တွင် စစ်ကိုင်းတိုင်း၊ မင်းကွန်း ကျေးရွာ တိုက်နယ်ဆေးရုံဝင်းအတွင်းရှိ တိပိဋက ဓိဝိတဒါန တိုင်းရင်းဆေးရုံတော်၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အလှူရှင်များ ကြွရောက်ကြည်ညို ပူဇော်နိုင်ကြောင်းသိရသည်။ (က-ပ)

ဖေဖော်ဝါရီ ၁၉ ရက်က ဒလမြို့နယ် အမှတ်(၂၁) အခြေခံပညာ မူလတန်းကျောင်း၌ ၂၀၀၂-၂၀၀၃ ပညာသင်နှစ် နှစ်ပတ်လည်ညီလာခံနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ မောင်ထွန်းအောင်ကျော်အား လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဘသိန်းက ဆုချီးမြှင့်စဉ်။ (က-ပ)

AIKIDO

AIKIDO ကိုယ်ခံပညာ သင်ကြားလိုသူများအတွက် လစဉ်သင်တန်းသား၊ သင်တန်းသူသစ်များ လက်ခံနေပါသည်။ ကလေးအထူးသင်တန်းများရှိသည်။

အချိန် - SUN မှ အပ နေ့စဉ် - ပ-ချိန် ၅:၃၀ မှ ၆:၃၀နာရီ ညနေ
၃-ချိန် ၇:၀၀ မှ ၈:၀၀နာရီ ည

နေရာ - Myanmar Aikido Association
၉၃၊ မနော်ဟရီလမ်း(အလုံလမ်းနှင့်ပြည်လမ်းထောင့်)
Yangon International Hotel ဝင်းအတွင်း။ ဖုန်း - 229224 to 229229.

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အင်းယားမြိုင်၊ အမှတ်(၃၃)နေ (ICS ဦးတင်ထွန်း)-ဒေါ်အိအိတို့၏ တူ သား၊
ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၄)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ်(၂၈၂)နေ
ဦးဝင်းမြင့်(မြို့နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မန္တလေးမြို့)-ဒေါ်ခင်လတ်တို့၏
တစ်ဦးတည်းသောသား

မောင်ဝင်းဇော်အောင် B.Sc(Zoology)

နှင့်

ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၈၁)နေ သီဟသုခမ္မမဏိဇောတရေ
ဦးတင်ဝင်း (Managing Director, K * N Fishries Enterprise, Myanmar Pyi Thar "Hei",
Ko Tangar Co.,Ltd.)-ဒေါ်စန်းဝင်းတို့၏ သမီးကြီး

မခင်သန္တာဝင်း B.Sc(Chemistry)

တို့၏ ၂၉-၂-၂၀၀၄ရက်နေ့တွင် Sedona Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၏ ဇနီး ဒေါ်မာလာတင့်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် ဇနီး ဒေါ်ခင်အေး၊ မင်္ဂလာလက်ထပ် လက်စွပ် ဆင်မြန်းချီးမြှင့်ပေးသော မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(ငြိမ်း)နှင့် ဇနီး ဒေါ်အေးအေး၊ သစ္စာရွှေကြိုးများချီးမြှင့်ပေးသော ကာကွယ်ရေးဝန်ကြီးဌာန၊ စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်းနှင့် ဇနီး ဒေါ်အေးမိခိုင်၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ကြသည့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး၏ ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်အောင်သိန်းနှင့်ဇနီး၊ ဒုတိယတရားသူကြီးချုပ် (ငြိမ်း) ဗိုလ်ချုပ်သန်းဦး(ငြိမ်း)နှင့် ဇနီး ဒေါ်မြင့်သန်း၊ တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဗိုလ်ချုပ်သိန်းစိုးနှင့် ဇနီး၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ဇနီး၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ဇနီး၊ အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်း၏ ဇနီး၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ၁၈-၂-၂၀၀၄ရက်နေ့တွင် မော်ကွန်းတင်လက်မှတ်ရေးထိုး၊ လက်ထပ်ပွဲသို့ တက်ရောက်ချီးမြှင့်ပေးသော တရားရုံးချုပ်မှ ဒုတိယတရားသူကြီးချုပ် ဗိုလ်ချုပ်သိန်းစိုး၊ မင်္ဂလာလက်ဖွဲ့များ ပေးပို့ကြသည့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မိတ်ကပ်အလှဖန်တီးရှင်ပွင့်၊ သတို့သမီးဝတ်စုံ မအေးအေးခိုင်၊ ဗီဒီယိုတက္ကသိုလ်အေးမြင့်၊ ဓာတ်ပုံ ကိုမျိုးမြင့်ဆွေ(နေခြည်)၊ ပန်းအလှပြင် Eternal Flower၊ တေးသံရှင် ဒေါ်ရီရီသန့်၊ Lazy Club တေးဂီတအဖွဲ့နှင့် Sedona Hotel မန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာဧည့်ခံပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူအားလုံးကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဝင်းဇော်အောင်-မခင်သန္တာဝင်း။

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)
နှစ်ပတ်လည်အစည်းအဝေး၊ ဂုဏ်ဝိသိဋ္ဌပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား ဖိတ်ကြားလွှာ

၇-၃-၂၀၀၄(တနင်္ဂနွေ)နေ့ မွန်းတည့် (၁၂)နာရီအချိန် ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ခမ္မာရုံတွင် ကျင်းပမည်ဖြစ်ပါ၍ ရန်ကုန်ရောက် ကျောက်ပန်းတောင်းမြို့နယ်သူ၊ မြို့နယ်သားများအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားပါသည်။

အလုပ်အမှုဆောင်အဖွဲ့။

ရွှေထူးလှိုင် ဘုရားဖူးပို့ဆောင်ရေး

... TV, Arrow Express ... Ph : 254808 , 708837, 377164

... Ph: 377831

အိမ်စီးကားသန့်ရောင်းရန်
စူပါဆလွန်း 86 MODEL
အ/----
Toyota Van 88 MODEL
ဘ/----
Ph:-09-500-7529
Tel: 244362

RUBY CarRental
725317, 650823
24, hr

(၁)လပြည့် လွမ်းဆွတ်သတိရခြင်း
ဦးတိုးမြင့်(ခ)ဦးတိုနီမြင့်
MD(RAM Company Ltd:)
အသက်(၅၈)နှစ်

ချစ်သောတိုးတိုး မွန်တို့နဲ့ ခွဲခွာသွားတာ ၄-၃-၂၀၀၄နေ့တွင် တစ်လပြည့်ခဲ့ပါပြီ။ တိုးတိုးအတွက် ရင်နှင့်အမျှ ထိခိုက်ကြေကွဲလျက်ပါ။ ယနေ့လှူဒါန်းရသော ကုသိုလ်နှင့် နေ့စဉ်ပြုပြုသမျှ ကုသိုလ်ကောင်းမှုအစုစုကို ရောက်လေရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ---။

ချစ်ဇနီး - **မွန်မွန်(MON MON'S Beauty Salon)**
ချစ်ညီ၊ ညီမများ - **ကိုမြတ်-မနွဲ့**
အိ(မ်)EVE၊ ဖြူလေး
ဇေယျာ၊ အောင်အောင်

အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ကျွန်မက ဒေါ်မြင့်မြင့်ကြည် [၁၂/ကမတ(နိုင်)၀၁၀၂၂၅]အား ပေးထားသည့် အထူးကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်အမှတ်(၂၄၂၃/၂၀၀၂)မှာ လုပ်ဆောင်နိုင်ခြင်း မရှိတော့ပါသဖြင့် ရုပ်သိမ်းလိုက်ပါသည်။

ဒေါ်နီလာလှ [၁၂/မရက(နိုင်)၀၇၀၁၀၉]
အမှတ်(၂၇)၊ ဦးကျော်လှလမ်း၊ မရမ်းကုန်းမြို့နယ်။

MLA INTERNATIONAL ENROLL NOW
Summer Course on English Language Proficiency Programme
[Mandarin & Basic Computer Courses are also included] MARCH, APRIL, MAY - 2004
(COMMENCING 1st MARCH 2004)
MORNING SESSION - Grade III to Grade V (8:00 AM TO 12:00 Noon)
AFTERNOON SESSION - KG to Grade II (12:30 PM TO 4:30 PM)
No. 64, Golden Valley Road, Bahan Township, Yangon, Myanmar.
Ph: 01-527006, 01-705066

SUNTAC Education
where an international career is built.

Computer & Internet 4 kids
ရင်သွေးငယ်များရဲ့နွေရာသီကျောင်းပိတ်ချိန်ကို ICT ခေတ်ရဲ့နည်းပညာသင်ယူရန်အချိန် အဖြစ်ပြောင်းလဲလိုက်ပါ

သင်တန်းမှာ ကွန်ပျူတာအခြေခံ၊ စာစီစာရိုက်ခြင်း၊ စာရင်းဇယားပြုလုပ်ခြင်း၊ **Presentation** ပြုလုပ်ခြင်းများသာမက **internet / e-mail** အသုံးပြုနည်းများပါ သင်ကြားပေးမှာဖြစ်ပါတယ်။ ကလေးများအတွက် သီးသန့် **web site** များဖြင့်သင်ကြားပေးမှာဖြစ်လို့ ဉာဏ်ရည်တိုးတက်မှုကိုရရှိစေမှာပါ။ မိဘများအနေနဲ့လည်း ရင်သွေးငယ်များနှင့်အတူ ဝင်ရောက်လေ့လာနိုင်ပါတယ်။

Course Details
Computer knowledge, Microsoft Word 2003, Excel 2003, Power Point 2003, Paint Brush, Internet, e-mail & Outlook Express and Internet Games.
Bldg - 4, R - 4, MICT Park, Hlaing Campus, Yangon, Myanmar. Tel : 652246

DORA II DIGITAL COLOR LAB & PHOTO STUDIO
လက်ရာသန့်သန့် ဓာတ်ပုံရိုက်ချင်လျှင် DORA II သို့လာခဲ့ပါ။



ဘွဲ့၊ အလှပုံ၊ မင်္ဂလာဆောင်၊ လိုင်းစင်ပုံများကို အဆင့်မြင့် Digital Camera , Konica Digital ဓာတ်ပုံကူးစက်များဖြင့် နေ့ချင်းပြီး (အမြန်) ရိုက်ကူးပေးနေပါသည်။

Film,Floppy,CD,Card တို့မှ ပုံများကို အမြန်ကူးယူပေးနိုင်ပါသည်။

အမှတ်(၃)၊ ...

ကိုကိုပို
မိဘနှစ်ပါးစိတ်ပူနေ၍ အမြန်ဆက်သွယ်ပါ။
ဖခင် - ဦးအေးပို။

ဓမ္မနည်းကြေညာချက် ...

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ရီ (၈၅)နှစ်

ဒေါက်တာဝမ်းမောင် (ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန)–ဒေါက်တာမေမာလာဆွေ(သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်)၏မိခင်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အဏုမြူရောင်ခြည်ဖြင့်ရောဂါရှာဖွေရေးဌာနမှ ဒေါက်တာဝါဝါဝမ်းမောင် – ဒေါက်တာကျော်စိုးကျော် (ဆီးနှင့်ကျောက်ကပ်ခွဲစိတ်)၏ အဘွားသည် ၁–၃–၂၀၀၄ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုဌာနမိသားစု၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး။

ဝမ်းနည်းကြေကွဲ ခြင်း
ဒေါ်ခင်ရီ(၈၅)နှစ်

ဒေါက်တာဝမ်းမောင် (ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန)–ဒေါက်တာဒေါ်မေမာလာဆွေ (သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ရန်ကုန်)၏ မိခင်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဏုမြူရောင်ခြည်ဖြင့်ရောဂါရှာဖွေကုသရေးဌာနမှ ဒေါက်တာဝါဝါဝမ်းမောင်၏ အဘွားသည် ၁–၃–၂၀၀၄ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

ရွှေနဒီအထူးကုဆေးခန်းမိသားစု။

ဝမ်းနည်းကြေကွဲ ခြင်း
ဒေါ်ခင်ရီ (၈၅)နှစ်

ဒေါက်တာဝမ်းမောင်(ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန)–ဒေါက်တာဒေါ်မေမာလာဆွေ (သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်)၏ မိခင်သည် ၁–၃–၂၀၀၄ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲ ရပါသည်။

ဝန်ထမ်းမိသားစု၊ မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဆရာကြီးဦးစောအောင်ဝင်း
အသက်(၈၃)နှစ်
အထက်တန်းပြ–ငြိမ်း
အထက–၂၊ သာယာဝတီ

သာယာဝတီမြို့၊ တိုက်ကျောင်းလမ်း၊ အမှတ်(၉)နေ (ဦးဘိုးပု–ဒေါ်ဆွဲထော်)တို့၏ သား၊ (ဦးရွှေကျော်–ဒေါ်အားကြာ)တို့၏ သားသမက်၊ ဒေါ်နော်စေးမေ၏ ချစ်လှစွာသောခင်ပွန်း၊ [ဦးစောရီးစံ(ထွေ/အုပ်)–ဒေါ်နော်ဂျူက်စ်]၊ ဦးစောစိန်သောင်းဝင်း(သစ်လုပ်ငန်း)–ဒေါ်သန်းနွဲ့၊ ဦးစောစိန်နေထူး (မြန်မာ့မီးရထား)–ဒေါ်ကြည်ကြည်စန်း၊ ဦးစောရစ်ချက်–ဒေါ်နော်ဆဲလာဝင်း (ILBC ၊ မြစ်ကြီးနား)၊ ဦးစောဝေလီဝင်း(ခ) မောင်မောင်–ဒေါ်နော်မိမိထွန်းတို့၏ မွေးသဖခင်၊ မြေး ၁၂ယောက်တို့၏ အဘိုးသည် ၂–၃–၂၀၀၄(အင်္ဂါနေ့) ညနေ ၃း၄၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၅–၃–၂၀၀၄ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် သာယာဝတီမြို့ ကရင်နှစ်ခြင်း ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး သာယာဝတီမြို့ ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်လှ အသက်(၆၀)
ဓနုဖြူမြို့နယ်ရာသက်ပန်အသင်းဝင်

ဓနုဖြူမြို့၊ ခင်မကန်(၃)လမ်းနေ (ဦးမြရှိန်–ဒေါ်ခင်ညွှန့်)တို့၏ သမီး၊ အမှတ်(၅၈)၊ ပန်းလှိုင်(၂)လမ်း၊ စမ်းချောင်းနေ ဦးသန်းမောင်–ဒေါ်အေးမြင့်တို့၏ တူမ၊ (ဦးမောင်ရွှေ)၏ ဇနီး၊ ဦးလှဦး(ခ)ဦးဝိမလ၏ အစ်မ၊ ဓနုဖြူမြို့နေ မစန်းဝင်း၊ ကိုမြင့်ကိုမြင့်–မချို၊ မောင်ကျော်ကျော်နိုင်(တော်ဝင်မိသားစုကုမ္ပဏီ)–ဒေါ်စန်းစန်းအေး(အမက–၄၊ ရွှေပြည်သာ)၊ မောင်ဇော်ဇော်တို့၏ အဒေါ်၊ အမှတ်(၃)၊ အခြေခံဦးစီးဝင်း၊ ကြည့်မြင်တိုင်နေ ဒေါ်ခင်လှသည် ၃–၃–၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက်တွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးတွင် ကွယ်လွန်သွားပါ၍ ၅–၃–၂၀၀၄(သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုကျော်မင်း
B.A (Hist)
အသက်(၃၅)နှစ်

တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၃၅၂/ခ)၊ သုမင်္ဂလာလမ်း၊ (၉)ရပ်ကွက်နေ (ဦးသိန်းလှ)–ဒေါ်ခင်စန်းတို့၏သား၊ ဒေါ်သန်းကျင်၏တူ၊ ဒေါ်ညွှန့်ညွှန့်ရီ၊ ဦးအောင်ကျော်ဦး(ဌာနခွဲမှူး၊ မြို့တော်စည်ပင်၊ဥတို)–ဒေါ်ကေသီလွင်(လ/ထ မန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေး)၊ ဦးတိုးတိုး–ဒေါ်တင်တင်အေး၊ ကပ္ပတိန်ခင်ဇော် (မြန်မာ့ဆိပ်ကမ်း အာဏာပိုင်)–ဒေါ်မိုးသီတာကြည်၊ ဦးကြည်ငြိမ်း၊ (ဦးထင်အောင်)–ဒေါ်မြင့်မြင့်အောင် (လ/ထ မန်နေဂျာ၊ MEB-4)တို့၏ညီ/မောင်၊ ဦးထွန်းထွန်းအုန်း–ဒေါ်ညီညီ၊ မဝင့်ရည်ခိုင်တို့၏ အစ်ကို၊ တူ၊တူမကိုးယောက်တို့၏ဦးလေးသည် ၃–၃–၂၀၀၄ (ဗုဒ္ဓဟူးနေ့)မွန်းတည့်၁၂နာရီတွင် ကွယ်လွန်ပါ၍ ၅–၃–၂၀၀၄(သောကြာနေ့) မွန်းလွဲ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှ ကားများ မွန်းလွဲ၁နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါက်တာဦးသန်းလွင်(၆၉)နှစ်
သွားဘက်ဆိုင်ရာဆရာဝန်

မော်လမြိုင်မြို့၊ ဈေးကြီးရပ်နေ(ဦးလှိုင်ကျင်း) – ဒေါ်ကင်ကျန်းတို့၏ သား၊ (ဦးကောင်းတောင်–ဒေါ်မုံရီ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ် (20-B)၊ ဦးဘဟန်လမ်း၊ ဗိုလ်ကဲညွှန့် ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဒေါက်တာဦးမောင်မောင်လေး–ပါမောက္ခ ဒေါ်ခင်စန်းတင့်၊ဦးလှမြိုင်–ဒေါ်နီလာတို့၏အစ်ကို ဩစတြေးလျနိုင်ငံ Townsvilleမြို့နေ ဒေါ်အေးအေးမွန် (Judy)၏ ခင်ပွန်း၊ ဒေါက်တာဦးသန်းလွင်သည် ယင်းမြို့၌ ၁၇–၂–၂၀၀၄ရက် ဒေသစံတော်ချိန် နံနက် ၇နာရီတွင် ကွယ်လွန်သွားပြီဖြစ်ပါကြောင်းနှင့် ၅–၃–၂၀၀၄ရက် နံနက် ၁၀နာရီတွင် ယင်းမြို့၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pa Suan Khua Thang
အသက်(၆၉)နှစ်
(Lailo)

ချင်းပြည်နယ်၊တီးတိန်မြို့နယ်၊ Lailo ကျေးရွာနေ ဦး Cing Thawng – ဒေါ် Vial Nuamတို့၏စတုတ္ထသား၊ Nu Ciang Khaw Niang, Pa Phung Khan Kham, Pa Vungh Do Pau, Pa Thang Cin Thiau တို့၏ညီ/မောင်၊ Pa Pum Cin, Pa Gin Kam တို့၏အစ်ကို၊ Pa Thawng Za Pau-Nu Cing En Lun, Nu Nian Zen Cing-Pa Maung Maung, Lia Niang Hau Vung, Lia Tun Sian Ciin, (Lia Cing Khawm Lun)တို့၏ ဖခင်၊ အမှတ်(၅၃၁)၊ ပြည်ထောင်စုလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ Nu Kam Do Lun၏ချစ်လှစွာသောခင်ပွန်းသည် ၂–၃–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၄–၃–၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးခရစ်ယာန်သချိုင်းခန်းမ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်နှင့် အမှတ်၂၃၉၊ဆိပ်ကမ်းသာလမ်း၊ TBC-Y ဘုရား ရှိခိုးကျောင်းမှ ကားများနံနက်၁၁နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဝင်းသိန်း
အသက်(၄၀)

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ အမှတ် ၃၆၅၊ (၉)ရပ်ကွက်၊ ဝါယာလက် ၁ လမ်းနေ (ဒေါ်အေးစိန်)၏ မြေး၊ (ဦးလှကြည်–ဒေါ်နှင်း)တို့၏ သား၊ ဒေါ်အမာကြည်၏တူ၊ ကမ္ဘာအေး၊ အမှတ်(၉၀)၊ (၉)ရပ်ကွက်၊ သူရလမ်းနေ (ဦးထွန်းဝေ)–ဒေါ်ခင်သန်း (မြန်မာ့ကျောက်မျက်ရတနာ)တို့၏ သားသမက်၊ ဦးလှသောင်း–ဒေါ်ကြင်သိန်းတို့၏တူ၊ ကိုမြင့်ဝေ–မခင်လေး၊ မဝင်းမော်၊ ကိုထွန်းထွန်းဦး–မဝင်းသော်၊ ကိုအောင်ခိုင်–မခက်ခက်ဝင်း (မြန်မာ့တာရာစိုကျောက်ရောင်းဝယ်ရေး)၊ ကိုဝင်းနိုင်–မစန္ဒာမိုးလွင်တို့၏ အစ်ကို၊ ကမ္ဘာအေး၊ အမှတ်(၅၀)၊ (၉)ရပ်ကွက်တောင်ပိုင်းနေ အေးသန္တာ၊ မောင်မျိုးမင်းဦး–မအေးအေးခိုင်တို့၏ အစ်ကို၊ မနှင်းနှင်းဦး၏ ခင်ပွန်းသည် ၃–၃–၂၀၀၄ရက်နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅–၃–၂၀၀၄ ရက်မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားပါသည်။

(နေအိမ်မှကားများမွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ရီ (၈၅)နှစ်

ဒေါက်တာဝမ်းမောင်(ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန)၊ ဒေါက်တာမေမာလာဆွေ(ကထိက/အထူးကုဆရာဝန်ကြီး၊ ဗဟိုအမျိုးသမီး ဆေးရုံကြီး)တို့၏ မိခင်၊ ဒေါက်တာဝါဝါဝမ်းမောင်(အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေကုသရေးဌာန၊ ရန်ကုန်ဆေးရုံကြီး)၏ အဘွားသည် ၁–၃–၂၀၀၄ရက်တွင် ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေကုသရေးဌာနမိသားစု၊
ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊
မြောက်ဥက္ကလာပဆေးရုံကြီး၊ သင်္ဃန်းကျွန်းစံပြဆေးရုံကြီး။

ဒေါက်တာဒေါ်နွယ်နွယ်အေး (၅၇)နှစ်
ခင့်အကြိုက်၊ ဗိုလ်ချုပ်ဈေး

ရန်ကုန်မြို့၊ (၂၄–ခ)၊ယောမင်းကြီးလမ်းနေဒေါ်ခင်ရီ၏သမီးကြီး၊ ဒေါ်နွဲ့နွဲ့ရီ၊ ဒေါက်တာဒေါ်ခင်ဝင်းဝင်းအေးတို့၏အစ်မသည် ၂–၃–၂၀၀၄(အင်္ဂါနေ့) ညနေ ၃း၂၀နာရီတွင် ဗဟိုစည်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၄–၃–၂၀၀၄(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၈း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်စိန်ရင်(၈၁)နှစ်
(ဖျာပုံ)

အမှတ်(၁၆၄၊ ၁၆၆)၊ အနော်ရထာလမ်း၊ (ပ)ထပ်နှင့် (၁၀၂/ခ)၊ တာမွေလမ်းနေ (ဦးတင်ခိုင်)၏ဇနီး၊ ဒေါ်ခင်စီခိုင် (ခ) Maisie၊ (ဦးစိုးခိုင်)–ဒေါ်ခင်အုန်းကြူ၊ ဦးတိုး(ခ)ဦးသိန်းခိုင်၊ ဒေါ်ရီရီမြတို့၏ မိခင်၊(မောင်ထွဋ်ဝေ)၊ မောင်ခိုင်မင်းစိုး–မသင်းသင်းနွယ်၊ မနွယ်နွယ်ဝင်း၊ မစန္ဒာတိုးတိုး၊ မောင်ရဲစိုး၊ မောင်ဖြိုးသူအောင်တို့၏ အဘွား၊ မတုံတုံ၏ ဘွားဘွားကြီးသည် ၃–၃–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၄–၃–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်မြင့်မြင့် (၆၉)နှစ်
(ဆသရ–ငြိမ်း)

(ဦးသန်းမောင်)–ဒေါ်ပုလေးတို့၏ သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၂)ရပ်ကွက်၊ စိမ်းလဲ့သာယာလမ်း၊ အမှတ်(၁၀၀)နေ ဦးမြင့်အေး(ဆသရ–ငြိမ်း)၏ဇနီး၊ ကိုမြင့်ဦး(ဆသရ)–မသန်းသန်း ဌေး၊ ကိုသိန်းနိုင်(မြန်မာ့မီးရထား)–မအုန်းကြည်၊ ကိုဌေးဝင်း–မခိုင်မြင့်မော်၊ ကိုကျော်စိုးလင်း(မြန်မာ့မီးရထား)–မအေးအေးခိုင်၊ ကိုစိုးမြတ်မင်း(ခ)စိုးစိုး–မချိုချိုဖြိုး၊ ကိုမျိုးသန့်–မတင်တင်မြင့်(ခ) မသေးသေးတို့၏မိခင်၊ မြေး ၁၅ယောက်တို့၏အဘွားသည် ၂–၃–၂၀၀၄(အင်္ဂါနေ့) ည ၁၀း၄၀နာရီတွင် ကွယ်လွန်ပါ၍ ၄–၃–၂၀၀၄(ကြာသပတေးနေ့) ညနေ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။(မြောက်ဒဂုံနှင့် ဂွတ္တာလစ်နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးတင်ရှိန် (၆၉)နှစ်
အလုပ်ရုံစုမှူး (ငြိမ်း) ဂုံနီစက်ရုံ

ရန်ကုန်မြို့နေ၊ (ဦးဘရှင်–ဒေါ်စိန်မြိုင်)တို့၏ သား၊ ဦးညွှန့်မောင်–(ဒေါ်ရှိန်)တို့၏ သားသမက်၊ တိုက်(၁၅)၊ အခန်း(၁၃)၊ စက်မှုရိပ်သာ၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဒေါ်တင်မေ၏ ခင်ပွန်း၊ (ဦးဘို–ဒေါ်အုံး)တို့၏ မောင်၊ (ဦးအောင်သန်း)–ဒေါ်ဝင်းကြည်၊ ဒေါ်အုံးကြည်၊ ဒေါ်အုံးရီ၊ ဦးစိုးလွင်၊ (ဦးမြင့်စိုး)–ဒေါ်စိုးကြည်၊ ဦးစိုးသိန်း–ဒေါ်ဝင်းတို့၏ အစ်ကို၊ ဒေါ်အေးအေးသန်း [J.A.T အမက(၁၇) မရမ်းကုန်း]၊ ဦးဌေးမြင့် (အုတ်ကျင်းဂုန်နီစက်ရုံ)၊ (ဦးဌေးလွင်)–ဒေါ်သီသီစိုး၊ ဒေါ်စန်းစန်းလွင် (လုပ်ငန်းခွင် ကျန်းမာရေးဌာနခွဲ)၊ မမြင့်မြင့်သန်း (M.F.T.B)တို့၏ ချစ်လှစွာသော မွေးသဖခင်၊ မောင်ပိုင်ဘုန်းပြည့်၊ မဖွေးအိန္ဒြေသန့်တို့၏အဘိုးသည် ၃–၃–၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်ပါ၍ ၅–၃–၂၀၀၄(သောကြာနေ့)မွန်းလွဲ ၁နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းတည့်၁၂ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ဝင်း (၅၄)နှစ်
(ကနောင်)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၂၄၉)၊ သိမ်ဖြူလမ်း၊ မြန်မာနိုင်ငံဆရာဝန်အသင်းနေ ဦးစိန်မောင်–ဒေါ်ထွေးတို့၏သားကြီး၊ ဦးအေးတင်–ဒေါ်တိုးတို့၏သားသမက်၊ဒေါ်စန်းဝင်း၏ခင်ပွန်း၊ ဦးလှဝင်း–ဒေါ်အုန်းကြည်တို့၏ ညီ၊ (ဦးစိန်ဝင်း)–ဒေါ်တင်တင်ရှိန်၊ (ဦးကြည်စိုး)–ဒေါ်တင်တင်အေး၊ ဦးရွှေသိန်း(စက်ယာဉ်)–ဒေါ်သန်းသန်းဌေးတို့၏ အစ်ကို၊ မနေခြည်လင်း(စည်ပင်၊ ကျန်းမာ)၊ မသဲချမ်းမြေ့ (စစ်သားဖွား) တို့၏ဖခင်သည် ၂–၃–၂၀၀၄(အင်္ဂါနေ့) နံနက်၃း၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါသဖြင့်၄–၃–၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ၂း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်) ကျန်ရစ်သူမိသားစု။

လူမိုချို(ခ) ဦးမော်ကြည်
အသက်(၁၀၄) နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊(၁၉)လမ်း၊ အမှတ်(၆၀၊အပေါ်ဆုံးထပ်)နေ (ဒေါ်စိန်)၏ ခင်ပွန်း၊ ဒေါ်ကျင်မြိုင်–ဦးချစ်စိန်၊ ဒေါ်ခင်ဝင်း–(ဦးကောက်)၊ ဦးမောင်မောင်ကြီး–ဒေါ်ဝင်းဝင်းအေး၊ Dr.ဒေါ်မြင့်မြင့်ရီ–Dr.ဦးကျော်ဇင်မြင့်၊ ဦးမောင်မောင်–ဒေါ်ခင်ခင်ဝင်း၊ (ဦးမောင်မောင်လေး)တို့၏ ဖခင်နှင့် မြေး ၂၀ ယောက်၊ မြစ် ၂၀ ယောက်တို့၏ ဘိုးဘေးသည် ၃–၃–၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါ၍ ၅–၃–၂၀၀၄ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက်၉ နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်ဇေယျ(၈၇)နှစ်

အမှတ် ၂၃၃/၂၃၉၊မဟာဗန္ဓုလလမ်း၊ လေမှုတ်စက်ရုံဝင်း၊ ဗိုလ်တထောင်နေ(ဦးဘို–ဒေါ်ကသဲ)တို့၏ သား၊ ဒေါ်သိန်းမြင့်၏ ခင်ပွန်း၊ ဦးစောမြင့်ဆွေ (အနောက်ပိုင်းခရိုင်မှူး၊စည်ပင်ရေ/သန့်)–ဒေါ်လှသောင်း၊ ဦးစိန်သန်း–ဒေါ်ဝင်းတင်၊ ဦးစိန်ကုလား–ဒေါ်ကျင်အေး၊ ဦးစိန်ဦး–ဒေါ်တင်တင်ရီ၊ ဦးငွေစိုး–ဒေါ်အေးမြင့်၊ဦးအောင်ကြည်သောင်း–ဒေါ်နော်မြင့်မြင့်သန်း(ရန်ကုန်မြို့တော်ဘဏ်)၊ ဦးစောလှဝေ–ဒေါ်ဦးသန်းတို့၏ ဖခင်၊ မြေး ၃၀ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘိုးသည် ၂–၃–၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင်ကွယ်လွန်ပါ၍ ၆–၃–၂၀၀၄(စနေနေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (လေမှုတ် စက်ဝင်းနေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ ရေစင်၊ တံတိုင်း ဒါယိကာမကြီး
ဒေါ်ဒေါ်ဝင်း (၈၇)နှစ်

အင်းစိန်မြို့နယ်၊ အမှတ်(၉၃၀)၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ သဇင်အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး၊ စဥ့်ငူရပ်ကွက်နေ ဦးသန်းညွှန့်(ခွဲမှူး၊ တပ်မတော်ချည်မျှင်နှင့် အထည်စက်၊ သမိုင်း–ငြိမ်း)–ဒေါ်ခင်ခင်စိုး(အထက–၄၊ အင်းစိန်)တို့၏ ကျေးဇူးရှင်မိခင်၊ ဒေါ်အေးအေးစိုး(ဦးစီးအရာရှိ UEPT)၊ ဦးအုန်းသန်း(ရတနာပုံရွှေဆိုင်)–ဒေါ်လှလှစိုး(SAT–ငြိမ်း)တို့၏ ကြီးကြီး၊ ဦးအောင်စိုးမင်း – ဒေါ်နှင်းနှင်းအေး၊ ဒေါ်အေးအေးမင်း (အထက–၃၊ အင်းစိန်)၊ ဒေါ်သန်းသဇင်စိုး (အလက–၁၊ လှိုင်)၊မနီလာစိုးမင်း၊ မမေဇာနည်စိုး၊ သားသားတို့၏ဘွားဘွားကြီးသည် ၂၈–၂–၂၀၀၄(စနေနေ့)တွင် ကွယ်လွန်သွားပါ၍ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

၂၇–၂–၂၀၀၄(သောကြာနေ့)တွင် ကွယ်လွန်သွားသော ဦးမြင့်ဦး အသက်(၄၁) နှစ် B.Sc. (Geology) မကွယ်လွန်မီ စေတနာထားပြုစုစောင့်ရှောက်ပေးခဲ့သော ရွှေဂုံတိုင်အထူးကုဆေးခန်းနှင့် အာရုတော်ဝင် အထူးကု ဆေးခန်းတို့မှ အထူးကုဆရာဝန်ကြီးများနှင့်တာဝန်ကျ ဆရာဝန်၊ ဆရာမများ၊ အကူသူနာပြုများ၊ Shwe PuZon Co.,Ltd.မှ အကြီးအကဲနှင့် ဝန်ထမ်းများ၊ Big Trans Shppingမှ လုပ်ဖော်ကိုင်ဖက်များအား လည်းကောင်း၊ ရပ်ဝေးရပ်နီးမှတယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ နှစ်သိမ့်အားပေးကြသူများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်း ပေးပို့ကြသူများ၊ ဈာပနကိစ္စတွင် အဘက်ဘက်မှ လိုလေသေးမရှိ အစစအရာရာကူညီ လုပ်ဆောင်ပေးကြသူများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအား ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

သိမ်၊ကျောင်း၊ရဟန်းဒါယိကာမ
ဒေါ်ခင်ဆုံ(၇၈)နှစ်
(ပေါက်တန်း)

စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း (ဇေယျဝတီလမ်း)၊ အမှတ်(၃၂)နေ (ဦးမောင်ငွေ–ဒေါ်ညွှန့်)တို့၏ သမီး၊ ဦးကျင်ဖေ၏ဇနီး၊ (ဦးသန်း–ဒေါ်ခင်သုံ)တို့၏ညီမ၊ ဦးတေဇဝဏ္ဏ၊ ဒေါ်ခင်တုတ်၊ဦးမြဝင်း–(ဒေါ်သန်းမြင့်)၊ဦးဘိုနီ–ဒေါ်တင့်တင့်တို့၏ အစ်မ၊ ဦးဝင်းမောင်မောင်–ဒေါ်ခင်ဆွေသိန်း၊ ဦးမျိုးမြင့် (ကိုကင်းကောင်) – ဒေါ်အေးအေးမွန် (အမက–၇၊စမ်းချောင်း)တို့၏ မိခင်၊ မြေးလေးယောက်တို့၏အဘွား၊ တူ၊တူမ ၁၁ယောက်တို့၏အဒေါ်သည် ၂–၃–၂၀၀၄ရက် နံနက် ၀၀း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄–၃–၂၀၀၄ ရက် ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်ရွှေတင် (၇၈)နှစ်
(လမ်းမတော်၊ ညောင်ပင်လေးဈေး)

ဧရာဝတီတိုင်း၊ ကျိုက်လတ်မြို့နယ်၊ မိကျောင်းခြံကျေးရွာနေ (ဦးကျော်ဝ–ဒေါ်အေးဆိုင်)တို့၏သမီး၊(ဦးထွန်းတင်) (လမ်းမတော်၊ ညောင်ပင်လေးဈေး)၏ ဇနီး၊ မြောက်ဥက္ကလာပနေ ဦးညွှန့်ခင်–(ဒေါ်အုံးမြင့်)၊ လှိုင်သာယာမြို့နယ်၊ (၇)ရပ်ကွက်၊ အောင်မင်းခေါင်လမ်း၊ အမှတ်(၅၉၈/က)နေ ဦးလှမြင့်(MTWC လေဆိပ်)–ဒေါ်ခင်ဌေးတို့၏ မိခင်၊ ကိုသန်းထက်–မအေးအေးမင်း၊ ကိုစန်းလွင် (မြို့နယ်မီးသတ်၊ လှိုင်သာယာ)–မမြတ်မြတ်ဦး၊ ကိုတင်အောင်ဌေး(YES BOX)–မခင်လေးသူ၊ ကိုသန်းဇော်ဝင်း–မစန္ဒာမြင့်၊ ကိုစံရွှေမြင့်(ခ)ဖိုးစံ–မခိုင်ဇာဝင်း၊ ကိုဝင်းမိုး–မဥမ္မာညွှန့်နှင့် မြစ် ၁၇ ယောက်တို့၏ အဘွားသည် ၂၈–၂–၂၀၀၄(စနေနေ့)တွင် ကွယ်လွန်ပါ၍ ၅–၃–၂၀၀၄(သောကြာနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒုတိယဗိုလ်မှူးကြီးစိန်လှ(ငြိမ်း)
အသက်(၇၇)နှစ်

ရမည်းသင်းမြို့နေ (ဦးဘသင်–ဒေါ်စောလှ)တို့၏သားကြီး၊ အမေရိကန်နိုင်ငံ၊ ဝါရှင်တန်ပြည်နယ် Bellevue မြို့နေ ဒေါ်သိန်းတင် (Joyee Suraya)၏ ခင်ပွန်း၊ ဦးစိုးမြင့်–ဒေါ်နှင်းနှင်းလှ၊ ဒေါက်တာသင်းသင်းမြတို့၏ ဖခင်၊ မမြတ်ပန်းဝေ၊မအိသူကို၊မောင်လင်းသူကိုတို့၏အဘိုးသည် ၂၄–၂–၂၀၀၄(အင်္ဂါနေ့) နံနက် ၃း၃၀နာရီတွင် ကအထက်ပါ နေအိမ်၌ကွယ်လွန်သွားပြီး ၂၆–၂–၂၀၀၄ ရက် ဒေသစံတော်ချိန် ၁၂နာရီတွင် ယင်းမြို့၌ သင်္ဂြိုဟ်ပြီးစီး ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်ဝေ (၅၂)နှစ်
(J.A.T)
အ–ထ–က(၄) သင်္ဃန်းကျွန်း

သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်(၇)လမ်း၊ အမှတ်(၃၁၀)နေ (ဦးစံထွန်းအောင်–လဝက ဦးစီးအရာရှိ)၏ ဇနီး၊ (ဦးဘတင်)–ဒေါ်အေးခင်တို့၏ သမီး၊ ချွေးမ၊ ဦးခင်ဝေ–ဒေါ်တင်လှိုင်တို့၏ သမီး၊ မောင်ဝေလင်းထွန်း၊ မောင်အောင်ခိုင်ထွန်း၊ မောင်အေးမင်းထွန်း (လ–ဝ–က)၊ မောင်အောင်ဒီမိုးသူရထွန်းတို့၏ ချစ်လှစွာသော မွေးသမိခင်သည် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၅၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၅–၃–၂၀၀၄ (သောကြာနေ့) မွန်းတည့်၁၂ နာရီတွင် ရေဝေးသုသာန်သို့ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်နှင်းဝေ (၂၉)နှစ်
ရွှေပန်းထိမ်၊ ကျောက်ဖြူမြို့နယ်
စနဲ–စံပါယ်ချောင်း
ဆိပ်စပ်နယ်သာရေးနာရေးအသင်းဝင်

ကျောက်ဖြူမြို့နယ်၊ စံပါယ်ချောင်းရွာနေဦးထွန်းနုချေ–ဒေါ်မေသိန်းတို့၏ သားကြီး၊ တောင်ကုတ်မြို့နယ်၊ ကံပိုင်ရပ်ကွက်၊ဆေးရိုးတန်းလမ်းနေအငြိမ်းစားကျောင်းဆရာ(ဦးစံမောင်)–ဒေါ်မသန်း (ဝင်းသေတ္တာလုပ်ငန်း) (တောင်ကုတ်မြို့နယ် အသင်းဝင်)တို့၏ သားသမက်၊ မခင်ခင်အေး(ခ) ပေါက်စ၏ ခင်ပွန်း၊ မလှယမင်းအိမ်၏ ဖခင်သည်၂–၃–၂၀၀၄(အင်္ဂါနေ့) နံနက် ၁း၂၀နာရီတွင် ကွယ်လွန်ပါ၍ ၄–၃–၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပါမည်။ [အမှတ်၉၅၉၊သလ္လာဝတီ (၆)လမ်း၊ (၁၀)ရပ်ကွက်သာကေတ(မွှေးရုံမှတ်တိုင်) မှကားများမွန်းလွဲ ၁း၃၀နာရီ ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

တွံတေးမြို့နယ်အသင်း(ရန်ကုန်)
ဦးအောင်ကြင်စိန်(၆၆)နှစ်
အတွင်းရေးမှူး(တွံတေးမြို့နယ်အသင်း)

ရန်ကုန်မြို့၊ တိုက်(၂)၊ အခန်း (၄၀၂)၊ (၁၁)လမ်း၊ ယုဇနဥယျာဉ်မြို့တော်နေ (ဦးကျော်သန်း–ဒေါ်ကုလားမ)တို့၏ သား၊ (ဒေါ်လှကြင်)၏ခင်ပွန်း၊ ဦးအောင်ကြင်စိန် (အတွင်းရေးမှူး၊တွံတေးမြို့နယ် အသင်း)သည် ၂–၃–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၄–၃–၂၀၀၄(ကြာသပတေးနေ့)တွင် သင်္ဃန်းကျွန်းစံပြ ဆေးရုံမှ ရေဝေးသုသာန်သို့လိုက်ပါ ပို့ဆောင်ကြပါရန်။(ဆေးရုံမှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

ဒေါ်အောင်သန်း(ခ)ဒေါ်သန်းကြည်
အသက် (၆၃)နှစ်

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ သုဒဿန (၃)လမ်း၊ အမှတ်(၁၆၇/က)နေ (ဦးကြည်ထွန်း–ဒေါ်ငွေအေး)တို့၏ သမီး၊ ဦးလှမြင့်၏ ဇနီး၊ ကိုဘိုကြည်၊ မစိုးစိုးကြည်၊ မောင်ဆန်းမင်း၊ မမိုးမိုးကြည်တို့၏ ကျေးဇူးရှင်မိခင်သည်၂–၃–၂၀၀၄(အင်္ဂါနေ့) ညနေ ၃း၅၀နာရီတွင်မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၄–၃–၂၀၀၄(ကြာသပတေးနေ့) ညနေ၃နာရီတွင် မြောက်ဥက္ကလာပဆေးရုံမှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။) (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးထွန်းထွန်း(ရေဦး)
အသက်(၄၉)နှစ်
B.E (Mech) M.O.T 2nd Class
1 A/E, M.V YTHAN
Eastwind Ship Management Pte.Ltd

ရေဦးမြို့နေ ဦးတင်အောင်–ဒေါ်သောင်းသောင်းတို့၏သား၊ ရန်ကုန်မြို့နေ (ဦးသိန်းအောင်)–ဒေါ်စန်းစန်းမြင့်တို့၏သားသမက်၊ အမှတ်(၅၆)၊ပထမထပ်၊ ရှမ်းကုန်းလမ်း၊စမ်းချောင်းမြို့နယ်နေ ဒေါ်ဝင်းဝင်းသိန်း B.E (Mech)(Geocomp)၏ ချစ်ခင်ပွန်း၊ ဒေါ်မြင့်မြင့်သိန်း၊ ဗိုလ်မှူးချုပ်တင်နိုင်သိန်း(သစ်တောရေးရာဝန်ကြီး ဌာန)–ဒေါ်အေးအေး၊ ဦးတင်မောင်အေး–ဒေါ်မာမာသိန်း(စက်မှု ထွေ/ထိန်း)တို့၏ မောင်/ညီ၊ ဦးတင်လှိုင်သိန်း–ဒေါ်ခင်ရှိန်၊ ဦးစိုးမင်းအောင်(2/O-UNITEAM)–ဒေါ်စီစီသာရ(လ/ထ ကထိက ဓာတုဗေဒဌာန)၊ ဒေါ်ကေသီအောင်တို့၏အစ်ကို၊ မခိုင်စုစုထွန်း(GTC ဒုနှစ်၊ I.A.D KMD)၊ မောင်မင်းမင်းထွန်း (X-F၊အထက–၁၊ဒဂုံ)တို့၏ ချစ်လှစွာသောဖခင်၊ တူ၊တူမ ခြောက်ယောက်တို့၏ ဦးလေးသည် ၂၈–၂–၂၀၀၄(စနေနေ့) ၂၂၀၀နာရီခန့်တွင် ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးထွန်းထွန်း(ရေဦး)
အသက်(၄၉)နှစ်
B.E (Mech) M.O.T 2ndClass
1 A/E, M.V YTHAN
Eastwind Ship Management Pte.Ltd

ရေဦးမြို့နေ ဦးတင်အောင်–ဒေါ်သောင်းသောင်းတို့၏သား၊ ရန်ကုန်မြို့နေ (ဦးသိန်းအောင်)–ဒေါ်စန်းစန်းမြင့်တို့၏သားသမက်၊ အမှတ်(၅၆)၊ပထမထပ်၊ ရှမ်းကုန်းလမ်း၊စမ်းချောင်းမြို့နယ်နေ ဒေါ်ဝင်းဝင်းသိန်း B.E (Mech)(Geocomp)၏ချစ်ခင်ပွန်း၊ရေဦးမြို့နေ ဦးစောချိုဝင်း–ဒေါ်လှလှ၏ညီ၊ ဦးမင်းနိုင်စိုး–ဒေါ်အေးအေးနု၊ဒေါ်ဆွေဆွေအောင်၊ဒေါ်ခင်မာအောင်၊ ဦးမိုးအောင်တို့၏အစ်ကို၊ မခိုင်စုစုထွန်း (G.T.C ဒုနှစ်၊ I.A.D KMD)၊ မောင်မင်းမင်းထွန်း (X-F ၊အထက–၁၊ဒဂုံ) တို့၏ ချစ်လှစွာသောဖခင်၊ တူ၊တူမ ခုနစ်ယောက်တို့၏ဦးလေးသည် ၂၈–၂–၂၀၀၄ရက်(စနေနေ့)၂၂၀၀နာရီခန့်တွင် ကိုလံဘီယာကမ်းလွန် ပင်လယ်ပြင်၌ ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်ကြင်ဆင် (၇၆)နှစ်
အသင်းဝင်အမှတ်(၄၂၇)

ပုလောမြို့၊ (၁)ရပ်ကွက်၊ ဗထူးလမ်းနေ (ဦးဘလင်း)၏ဇနီး ဒေါ်ကြင်ဆင်သည် ၂–၃–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၄–၃–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ပုလောနေအိမ်မှပုလောမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ အမှုဆောင်အဖွဲ့။

ဦးဝင်းကျော်(ခ)နွယ်ကြီး
(ရခိုင်ရိုးကြီး)
အသက်(၆၂)နှစ်
အုပ်ခွဲတပ်ကြပ်ကြီး(လေ–ငြိမ်း)

ရန်ကုန်တိုင်း၊ ထန်းတပင်မြို့နယ်၊ ရခိုင်ရိုးကြီးကျေးရွာနေ ဦးလှကြီး (ဦးသာသန၊အောင်စေတီကျောင်းတိုက်၊ အလုံမြို့နယ်၊ရန်ကုန်)–(ဒေါ်လှမြိုင်) တို့၏ သား၊ ဘုရင့်နောင်လမ်းမ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်နေ (ဦးသောင်းငွေ)–ဒေါ်ရင်နု(ဝါးတစ်ရာ)တို့၏သားသမက်၊ အမှတ် ၂၆/ခ၊ ဇေယျာသိဒ္ဓိလမ်း၊ (၁)ရပ်ကွက်၊လှိုင်မြို့နယ်နေ ဒေါ်လှမြင့်၏ ခင်ပွန်း၊ ဗိုလ်ကြီးမျိုးဝင်း(လေ–ငြိမ်း)–ဒေါ်ချစ်ချစ်၏အစ်ကို၊ တပ်ကြပ်ကြီး လင်းထင်ကျော် (လှိုင်မြို့နယ်၊ပိတောက်ချောင်းရဲစခန်း)–မမြင့်မိုးခိုင်၊ မောင်နိုင်လင်းကျော်၊ မောင်ရန်နိုင်ကျော်–မအိအိခမ်း၊ မကေသီအောင်၊ မောင်ကျော်စိုးထွန်း (အထက–၁၊အလုံ)၊ မောင်ကျော်မျိုးထွန်း (အထက–၁၊ လှိုင်)တို့၏ မွေးသဖခင်၊ ဦးအေးသွင်–ဒေါ်ကြည်မြင့်၊ ဒေါ်စမ်းဝင်း၊ ဦးငွေနိုင်၊ ဦးဝင်းမြင့်–ဒေါ်သန်းသန်းဝင်း၊ ဦးသိန်းဝင်းတို့၏အစ်ကို၊ တူ၊တူမ ခြောက်ယောက်၏ဘကြီး၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၃–၃–၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅–၃–၂၀၀၄ (သောကြာနေ့) မွန်းလွဲ၁ နာရီတွင် နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်နန်းအေး (၇၅)နှစ်

အလုံမြို့နယ်၊ အောင်ဇေယျရိပ်သာ၊ သစ်တောရပ်ကွက်၊ တိုက် (၃၁)၊ အခန်း (၆)နေ(ဦးဘကျော်–ဒေါ်လှတင်)တို့၏ သမီး၊ (ဗိုလ်မှူးထွန်းခံ)၏ဇနီး၊ ဦးမောင်မောင်ဦး (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)–ဒေါ်ခင်စန်း၊ ဒေါ်ခင်အေးသိန်း၊ ဦးကိုကိုလေး–ဒေါ်ဖြူဖြူသိန်း(ရွှေယမုံ–ရတနာသိင်္ဂီ)၊ ဦးမျိုးထွန်း(လယ်စိုက်ရှင်း)–ဒေါ်အုန်းမြင့်(လယ်စိုက်ရှင်း)၊ ဦးအောင်ကျော်ဇော–ဒေါ်အေးအေးခိုင်၊ ဦးအောင်နိုင် (ဆက်သွယ်ရေး)တို့၏မိခင်၊ မြေး ၁၈ယောက်၊ မြစ်ခုနစ်ယောက်တို့၏ အဘွားသည် ၂–၃–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၄–၃–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးသန့်ဇင်(၅၅)နှစ်
ဗဟိုသမဝါယမအသင်း
မြပွင့်ကုမ္ပဏီ
အထက(၃)တာမွေကျောင်းသားဟောင်း

ရန်ကုန်မြို့နေ ဦးစိန်–(ဒေါ်မြလေးပွင့်)တို့၏သား၊ ဦးတင်မောင်–ဒေါ်အေးအေးမြတ်တို့၏ ညီ/မောင်၊ ကိုရဲထွဋ်–မစန်းယုလွင်တို့၏ အစ်ကို၊ အမှတ်(၁၅) အနောက်မြင်ကွင်းလမ်းနေ ဒေါ်မြင့်မြင့်စိန်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဉာဏ်ဉာဏ်မောင်–မဥမ္မာခင်၊ မနန်းအိအိဇင် (IT Final year)၊ မောင်အောင် အောင်သန့် (2nd Year Gem & Gem-MiningAWB)၊ မစိုးစံသန့်ဇင်(တတိယတန်း–က၊ အမက–၁၈၊တာမွေ)တို့၏ ချစ်လှစွာသောဖခင်၊ ယွန်းမိမိမောင်၊ ဂျင်ဆန်းမီတို့၏ ဘိုးဘိုးသည် ၂–၃–၂၀၀၄ရက် ညနေ ၄း၁၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၄–၃–၂၀၀၄ (ကြာသပတေးနေ့) ညနေ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမှန်တကယ်တိုးတက်ခြင်း ရှိ မရှိ ကဏ္ဍအလိုက်လေ့လာဆန်းစစ် လိုအပ်သည်များကို ပြင်ဆင်ဖြည့်ဆည်းရင်း တိုးတက်သည်ထက် တိုးတက်လာအောင် လုပ်ကိုင်ဆောင်ရွက်

❍ ရှေ့ဖုံးမှ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ပုလောမြို့ ကမ်းရိုးတန်း ရတနာခန်းမ၌ ပုလောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစံငွေနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ပုလောတပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် ဦးစီးခေါင်းဆောင်သည့် မိမိတို့အဖွဲ့သည် ဖေဖော်ဝါရီ၂၅ရက်မှစ၍ တနင်္သာရီတိုင်းအတွင်း ရောက်ရှိပြီး တနင်္သာရီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ကြည့်ရှုလေ့လာ၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရင်း ပုလောမြို့သို့ ယနေ့ ရောက်ရှိလာခြင်းဖြစ်ကြောင်း။

ထင်ထင်ရှားရှား

တပ်မတော်က နိုင်ငံတော်၏ တာဝန်များကို ရယူရပြီးနောက် ဖွံ့ဖြိုးရေးစီမံကိန်းများ စနစ်တကျချမှတ်၍ ဆောင်ရွက်ခဲ့ရာ ကဏ္ဍစုံ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများကို လက်တွေ့ထင်ထင်ရှားရှား တွေ့မြင်နေကြရပြီဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရရှိထားသည့် ဖွံ့ဖြိုးတိုးတက်မှုများကို အခြေခံ၍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်ဖြင့် ဆက်လက်ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ညီညီညွတ်ညွတ် ပူးပေါင်း၍ ဒေသအလိုက် စားနပ်ရိက္ခာဖူလုံအောင်၊ စီးပွားဖွံ့ဖြိုးတိုးတက်အောင်၊ ထိုမှတစ်ဆင့် နိုင်ငံတော်ကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

လမ်းညွှန်မှာကြား

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် ပုလောဒေသသို့ လွန်ခဲ့သည့် သုံး၊ လေးနှစ်ခန့်က မိမိရောက်ရှိခဲ့ပြီးဖြစ်ကြောင်း။

ပုလောဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ဆောင်ရွက်ပေးသင့်သည်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသအလိုက် ဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရအပိုင်းက အမြဲတမ်းကြိုးစည်အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်နည်းတူ တိုင်းလည်းတိုင်းအလျောက်၊ ခရိုင်လည်းခရိုင်အလျောက်၊ မြို့နယ်လည်းမြို့နယ်အလျောက် ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းကြိုးစည်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

လေ့လာဆန်းစစ်

ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသအတွင်း အမှန်တကယ် ဖွံ့ဖြိုးတိုးတက်ခြင်း ရှိ၊ မရှိ ကဏ္ဍအလိုက်လေ့လာဆန်းစစ်၍ လိုအပ်သည်များကို ပြင်ဆင်ဖြည့်ဆည်းဆောင်ရွက်ကြရင်းတိုးတက်သည်ထက် တိုးတက်လာအောင် လုပ်ကိုင်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်းဖြင့် မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ပုလောမြို့ကိုလည်းကောင်း၊ ဖွင့်လှစ်ပြီးဖြစ်သည့် ပုလောတံတားကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ပလောက်မြို့

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပလောက်မြို့သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ပလောက်တပ်နယ်ခန်းမ၌ ပလောက်မြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနအသီးသီးမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပလောက်တပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ ပလောက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်က ပလောက်ဒေသ၏ အခြေအနေ၊ ဒေသဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်မှုများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေများ၊ ဒေသဆန်ဖူလုံပိုလျှံမှုများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ခေါင်းဆောင်သည့် အဖွဲ့ တနင်္သာရီတိုင်းသို့ရောက်ရှိလာသည့် ခရီးစဉ်၏ ရည်ရွယ်ချက်များကို ပဏာမ ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ➪

လမ်းညွှန်မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ထားဝယ်မြို့ မြို့တော်ခန်းမတွင် တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ထားဝယ်ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ လမ်းညွှန်မှာကြားစဉ်။

(ယာပုံ နှင့် အောက်ပုံ)

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး